# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၂) ရက် ၊ စနေနေ့ ၊ (16-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးစီးခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ 20th AACC သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ⇒




ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# သက်ဆုံးတိုင် ကာကွယ်စောင့်ရှောက်ရမည့်အိုဇုန်းလွှာ

အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်အထက် ၁၆ ကီလိုမီတာမှ ၄၈ ကီလိုမီတာအတွင်း တည်ရှိနေပြီး နေမှခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်မလာစေရန် စုပ်ယူကာကွယ်ပေးနေသော သက်ရှိတို့အတွက် သဘာဝအကာအရံကြီးတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသောရာသီဥတုများကြောင့် အိုဇုန်းလွှာထိခိုက်မှုမရှိနိုင်သော်လည်း လူတို့ဖန်တီးပြုလုပ်ထားသည့် ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ငွေ့များ၊ စွန့်ထုတ်အခိုးအငွေ့များ စသည်တို့ကြောင့် အိုဇုန်းလွှာထိခိုက်ခြင်း၊ ပါးလွှာသွားခြင်း၊ ပေါက်ထွက်သွားခြင်းများဖြစ်ပေါ်နိုင်သည်။

စက်မှုလုပ်ငန်းများတွင်အသုံးပြုနေသော ကလိုရင်းနှင့်ဘရိုမင်ပါသောဓာတုပစ္စည်းများ၊ ကာဗွန်ဒြပ်ပေါင်းများနှင့် စွန့်ထုတ်အခိုးအငွေ့တန်ချိန်ပေါင်းများစွာတို့သည် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသည်။ ကမ္ဘာတစ်ဝန်းတွင်အသုံးပြုနေသော လေအေးပေးစက်၊ ရေခဲသေတ္တာ၊ လေမှုတ်ဆေး၊ မီးသတ်ဆေးဘူး၊ ဆိုဖာရေမြှုပ်၊ ပိုးသတ်ဆေးစသည်တို့တွင် ထည့်သွင်းအသုံးပြုသော ဖရီယွန်ဓာတ်ငွေ့ ခေါ် ကလိုရိုဖလူရိုကာဗွန်(CFC)များယိုစိမ့်ထွက်၍လေထုအပေါ်ယံလွှာသို့ရောက်သည့်အခါ အိုဇုန်းလွှာရှိ အိုဇုန်းဓာတ်ငွေ့မော်လီကျူးများ ကွဲထွက်သွားစေသောကြောင့် အိုဇုန်းလွှာပါးလာပြီး ပေါက်ထွက်သည်အထိပင် ဖြစ်ပေါ်စေသည်။

အိုဇုန်းလွှာပျက်စီးမှုကြောင့် လူသားများတွင် အရေပြားကင်ဆာရောဂါများ၊ မျက်စိတိမ်စွဲမှုများ၊ ခုခံအားကျဆင်းမှုများစသည့် ကျန်းမာရေးဆိုးကျိုးများစွာ ဖြစ်ပေါ်စေသည်။ ထို့ပြင် သီးနှံအထွက်နှုန်းကျဆင်းသွားခြင်း၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှု၊ ရုပ်ဝတ္ထုပစ္စည်းများစွာ ယိုယွင်းပျက်စီးမှုတို့ကိုလည်း နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခံစားရပေမည်။ ထို့ကြောင့် ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အတည်ပြုခဲ့သော မွန်ထရီယယ်နောက်ဆက်တွဲ စာချုပ်ပါအတိုင်း အကောင်အထည်ဖော်ခြင်းဖြစ်သည့် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးကို ပြည်သူများနိုးကြားစွာပါဝင်လာစေရန် စက်တင်ဘာ ၁၆ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ကမ္ဘာတစ်ဝန်းတွင် ရည်ရွယ်ချက်ရှိရှိ ကျင်းပနေခြင်းပင်ဖြစ်သည်။

ကမ္ဘာ့လူသားတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိတရားရှိရှိဖြင့် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေနိုင်သော ဓာတုပစ္စည်းများ၊ ကာဗွန်ဒြပ်ပေါင်းများထုတ်လွှတ်မှု ထိန်းချုပ်လျှော့ချကြပါက လူသားအားလုံး၏ကျန်းမာရေး၊ ဂေဟစနစ်များထိခိုက်ပျက်စီးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေသောအိုဇုန်းလွှာကို သား၊ မြေး စဉ်ဆက်အတွက် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ သက်ရှိများဘဝ ဘေးကင်းကောင်းမွန်စွာ ဆက်လက်ရပ်တည်သွားနိုင်ရန်အတွက် အိုဇုန်းလွှာထိခိုက်မှုမဖြစ်စေရေး ကာကွယ်စောင့်ရှောက်ရန်မှာ ကမ္ဘာပေါ်ရှိ သက်ရှိလူသားတိုင်းအတွက် မွေးရာပါတာဝန်ကြီးတစ်ရပ်အဖြစ် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာမြေပြင်ပေါ်သို့ နေမှကျရောက်သည့်ဘေးအန္တရာယ်ရှိခရမ်းလွန်ရောင်ခြည်များကို စုပ်ယူကာကွယ်ပေးထားသော အိုဇုန်းလွှာသည် သက်ရှိအားလုံးအတွက် မရှိမဖြစ် အစဉ်လိုအပ်သည်။ အိုဇုန်းလွှာ၏တန်ဖိုးကို လူသားတိုင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တန်ဖိုးထားကာကွယ်စောင့်ရှောက်မှသာ ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသောပတ်ဝန်းကျင်၊ ကောင်းမွန်သန့်ရှင်းသော ဂေဟစနစ်တို့တွင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းနေထိုင်ရပ်တည်သွားနိုင်မည်ဖြစ်သည့်အတွက် အိုဇုန်းလွှာကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို သက်ဆုံးတိုင် အားလုံးပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးမြို့တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ယနေ့ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွန်းက အိုဇုန်းလွှာပျက်စီးလျှင် နေမှလာသည့် ခရမ်းလွန်ရောင်ခြည်ဘီအမျိုးအစား(UV-B)သည် ကမ္ဘာမြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်လာမှုဖြစ်၍ လူသားများအတွက် အရေပြားကင်ဆာအမျိုးမျိုး၊ မျက်စိတိမ်ဖုံးခြင်း၊ ခုခံအားစနစ်ကျဆင်းစေခြင်း၊ အသက်ရှူခက်ခဲခြင်း၊ လည်ချောင်းနာခြင်းနှင့် အဆုတ်၏လုပ်ငန်းဆောင်တာများ မှားယွင်းခြင်းများဖြစ်ပေါ်နိုင်သည့်အပြင် ရေနေသတ္တဝါများ၏ မျိုးပွားမှုစွမ်းရည်နှင့် ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေယံဝင်းအောင်က အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို တင်ပြခဲ့ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို Video Clip ဖြင့် ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲထွန်း၊ ဦးစီးအရာရှိ ဒေါ်ဝေယံဝင်းအောင်နှင့် အခြားဌာနဆိုင်ရာများ၊ ဆက်စပ်ဌာနများ၊ ရတနာပုံတက္ကသိုလ်မှ ပါမောက္ခဌာနမှူးနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အဲယားကွန်းလုပ်ငန်းရှင်များ စုစုပေါင်း ဦးရေ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး အိမ်ခြံမြေဈေးကွက် အတွင်း ငှားရမ်းနေထိုင်လိုမှုများ မြင့်တက်နေပြီး ပါမစ်မြေ၊ စလစ်မြေ၊ ဂရန်မြေကွက်များကိုလည်း စိတ်ဝင်စားမှုပိုများကာ ဂရန်မြေကွက်များ အရောင်းအဝယ်ပိုဖြစ်ကြောင်း အိမ်ခြံမြေဈေးကွက် အတွင်းမှ သိရသည်။

မန္တလေးမြေဈေးကွက်တွင် တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ခိုင်မာမှုရှိသည့်တိုက်ခန်း၊ လုံးချင်းအိမ်ရာများ၊ ဥယျာဉ်ခြံမြေများ၊ မြေကွက်များဘက်သို့ ဦးလှည့်လာကြောင်း သိရသည်။

“အိမ်ခြံမြေဈေးကွက်က ပြန်လှုပ်လာပါတယ်။ မြေဈေးကွက်ထဲ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလာကြတော့ ဈေးကွက်က လက်ရှိမှာ ပေါက်ဈေးစနစ်ထက် ရောင်းသူစိတ်ကြိုက် ခေါ်ဈေးဖြစ်နေတယ်။ ပြီးတော့ ပိုင်ဆိုင်မှုခိုင်မာတဲ့ ပါမစ်၊ စလစ်၊ ဂရန်မြေတွေဘက်ကိုလဲ ဦးလှည့်လာကြတယ်။ ပိုင်ဆိုင်မှုကို ပြီးပြည့်စုံအောင် လုပ်ထားပြီးတဲ့ အနည်းဆုံး နှစ် ၃၀ ဂရန်မြေတွေ ပိုဝယ်ကြတာများတယ်။ အိမ်ငှားတွေလဲ သွက်လာပါတယ်”ဟု ပုသိမ်ကြီး မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

ငှားရမ်းမှုများတွင် ယခင်က ဈေးနှုန်းအသင့်အတင့်သာရှိခဲ့ရာမှ အပြိုင်အဆိုင်ငှားရမ်းလာခြင်းကြောင့် ဈေးနှုန်းများမြင့်တက်လာပြီး တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့် ဈေးတန်းရှိအိမ်ခန်းများ၊ နေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ထွန်းတုံး၊ ကံသာယာအပိုင်းများ၊ မဟာအောင်မြေမြို့နယ်အတွင်းမှ မဟာမြိုင်အပိုင်း-၂၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းမှ ကျွဲဆည်ကန်၊ စက်မှု-၂ အပိုင်းများ၊ ပုသိမ်ကြီးမြို့နယ်အရှေ့ခြမ်း ကျေးရွာမြေများဖြစ်ပြီး ငွေကျပ်သိန်း ၈၀၀ ခန့် ပေါက်ဈေးရှိသည့် ပေ(၄၀× ၆၀)မြေကွက်များ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးညိုဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီးတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်ပို့ချသွားမည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို ငါးမွေးမြူရေးစိတ်ပါဝင်စားသည့် ငါးမွေးမြူသူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးကြင်းမြူ စသည့် ငါးကြင်းအုပ်စုဝင် ငါးမျိုးများ အခြေခံမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းကို စက်တင်ဘာလ တတိယပတ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် နှစ်ရက်ကြာ အခမဲ့ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

“ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးမြူသူတွေ စနစ်တကျမွေးမြူနိုင်ရေးအတွက် သင်တန်းပို့ချပေးတာပါ။ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူသူတွေအတွက်ပါ။ ငါးမွေးမြူသူတွေအပြင် တက္ကသိုလ်တွေက ကျောင်းသား၊ ကျောင်းသူတွေ လာရောက်လေ့လာကြတဲ့အခါမှာလဲ ရှင်းလင်းတင်ပြပြီး သင်တန်းပို့ချပေးတာတွေ ရှိပါတယ်။ သင်တန်းပို့ချပေးတဲ့အခါ မွေးမြူကြမယ်ဆိုရင် မြေနေရာရွေးချယ်တာတွေ၊ စီးပွားဖြစ်မွေးမြူမဲ့ငါးတွေကို ရွေးချယ်ရမှာတွေကို သင်ကြားပေးပါတယ်။ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်သွားမှာပါ။ သင်ကြားပေးရာမှာလဲ သင်တန်းသား၊ သင်တန်းသူ အယောက် ၂၀ ကနေ ၂၅ ယောက် ထိလက်ခံပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်”ဟု ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငပဲမြို့နယ်တွင် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ငပဲ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဒါန်း-ငပဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သော ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ခိုင်မာသန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပဒါန်း-ငပဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ဆက်သွယ်သော ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံ ဒေါ်ခိုင်မာသန်းက လမ်းအရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ပဒါန်း-ငပဲ-စေတုတ္တရာလမ်းမှ အောင်ပင်လယ်ကျေးရွာသို့ ဆက်သွယ်သောလမ်းအရှည် ၇ ဒသမ ၈၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၃ လက်မ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၇၃ ဒသမ ၃၅ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၄၃၄ အိမ်၊ လူ ၁၇၇၁ ဦးတို့ သွားလာရလွယ်ကူ အဆင်ပြေ ချောမွေ့သွားမည်ဖြစ်ကြောင်း ငပဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ခိုင်မာသန်းထံမှ သိရသည်။

**ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် နေရဥ ကျေးရွာနေ ဦးသန်းရိုး-ဒေါ်ညိုကြည်၊ သမီး မချောချော၊ မမေသဲတုန် မိသားစုတို့က ဆွမ်းအလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံစုံဧက ၁၀၀၀ ကျော်စိုက်ဖို့ လျာထားခဲ့ပါတယ်။ လက်ရှိ စားဖိုဆောင်သီးနှံ လျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ စားဖိုဆောင်သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ ဈေးကွက်ဝင်အသီးအနှံတွေ၊ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံတွေကတော့ အစုံစိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ရွှေလောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလောင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဖရေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အခြားဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များအား ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ရွှေလောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

# ၂၀၂၃-၂၀၂၄ ကြံရာသီတွင်ထွက်ရှိသည့် သကြားတန်ချိန် ၁၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရန်စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၂၃-၂၀၂၄ ကြံရာသီတွင် ထွက်ရှိသည့် မြန်မာ့သကြားတန်ချိန် ၁၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ကြံရာသီတွင် ထွက်ရှိသည့် မြန်မာ့သကြားတန်ချိန် ၁၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံက ဝယ်ယူရန် ကမ်းလှမ်းထားသည့်အတွက် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင် သကြားဈေးနှုန်းနှင့် ထွက်ရှိနိုင်မည့်ကာလ၊ သင်္ဘောတင်ပို့နိုင်မည့်ကာလတို့ကို ညှိနှိုင်းလျက်ရှိသည်။

"ဖိလစ်ပိုင်နိုင်ငံက သကြားဝယ်ချင်တယ်ဆိုပြီး စာလာတယ်။ ဒီဘက်မှာ ကြံပေါ်ဖို့က လာမဲ့ ဒီဇင်ဘာလမှပေါ်မှာပါ။ ဒါကြောင့် ၂၀၂၃-၂၀၂၄ ကြံရာသီအသစ်မှပဲ ရောင်းချနိုင်တော့မယ်။ လက်ရှိ ပြည်တွင်းစားသုံးမှု ဖူလုံဖို့အတွက် ဦးစားပေးနေပါတယ်"ဟု ဦးဝင်းငွေးက ပြောပြသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ကြံနှင့်သကြားကို ပြည်ပနိုင်ငံအများစုက ဝယ်ယူရန် ကမ်းလှမ်းမှုများရှိသော်လည်း မြန်မာ့ကြံနှင့်သကြားထုတ်လုပ်နိုင်မှု၊ ပြည်တွင်းစားသုံးမှုတို့ကိုချိန်ဆကာ ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြည်ပမှ သကြားဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ပြည်တွင်းတွင်လည်း သကြားဈေးကောင်းမွန်နေပြီး လာမည့်နှစ်ကြံရာသီ၌ ကြံကြမ်းခင်းဈေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သကြားစက်ရုံများကလည်း ကြံတစ်တန်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိပေးထားပြီး ထပ်မံဈေးတိုးပေးနိုင်မည့်အလားအလာများလည်း ရှိနေသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ပျမ်းမျှ သကြားတန်ချိန် ၄၅၀၀၀၀ ခန့်ထွက်ရှိပြီး မြန်မာ့သကြားကို ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ်တန်ချိန် ၇၀၀၀၀ မှ ၉၀၀၀၀ ခန့်ထိတင်ပို့နေကြောင်း၊ ပြည်တွင်းသကြားထုတ်လုပ်မှုတိုးတက်လာရန် ကြံစိုက်ဧရိယာသစ်ရှာဖွေခြင်း၊ ကြံစိုက်ပျိုးရေးနှင့် သကြားထုတ်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခြင်းများ လုပ်ဆောင်နေကြောင်း သိရသည်။

**ASH**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၄)

**ကြည်လွင်မြင့်(မုံရွာ)**



**လေးညှင်း**

အင်္ဂလိပ်အမည် - Clove
မျိုးရင်း - Myrtaceae
ရုက္ခဗေဒအမည် - Eugenia carryophyllata Thumb.

**အဓိကဆေးဖက်ဝင်ပုံ**

သွားနာ၊ သွားကိုက်၊ အဖျား၊ အန်ခြင်း၊ ချောင်းဆိုးခြင်း၊ နှုတ်မမြိန်ခြင်း၊ ခံတွင်းနံ့မကောင်းခြင်း၊ အနာပေါက်၊ ရေယုန်နာများအတွက် ကုသရာတွင် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံတွင် စိုက်ပျိုးပင်အဖြစ်သာ ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အပွင့်၊ အဆီ။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အမြဲစိမ်းနှစ်ရှည်ခံအပင်ကြီးမျိုးဖြစ်၍ အမြင့် ၂၅ ပေမှ ပေ ၅၀ ထိမြင့်၏။ မွဲပြာရောင်အခေါက်ရှိသည်။ အကိုင်းအခက်များတည့်မတ်စွာဘေးသို့ ဖြာထွက်သည်။

❖ လေးညှင်းသည် အရသာ စပ်ဖျဉ်းဖျဉ်း၊ ခါးသက်သက်ရှိ၏။ မျက်စိကို အကျိုးပြု၏။ ဝမ်းမီးကို တောက်စေ၏။ ကြေကျက်လွယ်၏။ နှုတ်မြိန်စေ၏။ သလိပ်သည်းခြေ၊ သွေးရောဂါများ၊ အပုပ်အစပ်တို့ကို ငြိမ်ဝပ်စေ၏။ ❖

အရွက်။ ။ ရွက်လွှဲထွက်၏။ ရှည်မျောမျောဘဲဥပုံ၊ လုံ့စွပ်ပုံရှိပြီး ရွက်ရင်းအနည်းငယ်ဝိုင်း၍ ရွက်ထိပ်ချွန်သွယ်သည်။ အလျား ၅ ဒသမ ၆ လက်မထိ ရှည်၍ အနံ နှစ်လက်မခန့်ကျယ်၏။ ရွက်ပြားသားရေကဲ့သို့ ပြောင်ချောပြီး အစက်အပြောက်ကလေးများရှိသည်။ အပေါ်မျက်နှာပြင် အစိမ်းရင့်ရောင်ရှိ၍ အောက်မျက်နှာပြင် အဝါဖျော့ရောင်ရှိ၏။ အရွက်ကို ခြေ၍ နမ်းကြည့်ပါက စူးရှသောအနံ့ရ၏။ ရွက်ရင်းရွက်ညှာတံ ပန်းရောင်ရှိ၏။

အပွင့်။ ။ သုံးပွင့်တစ်ခိုင်ဖြစ်သည်။ ပွင့်စ၌ ခရမ်းနုရောင်ရှိပြီး တဖြည်းဖြည်းအဝါရောင်သို့ ပြောင်းသွား၏။ ပွင့်ချပ်ပွန်ပုံရှိသည်။ တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့်သီးခြားရှိသည်။ ဆေးဖက်ဝင်အဖြစ် အဖိုပွင့်ကို သုံး၏။

အသီး။ ။ ရှည်မျောမျောပုံသဏ္ဌာန်ရှိသည်။ အညိုရောင်ဖြစ်သည်။ အစေ့လေးစေ့မှ ခြောက်စေ့ထိ ပါရှိ၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ လေးညှင်းသည် အရသာစပ်ဖျဉ်းဖျဉ်း၊ ခါးသက်သက်ရှိ၏။ မျက်စိကို အကျိုးပြု၏။ ဝမ်းမီးကို တောက်စေ၏။ ကြေကျက်လွယ်၏။ နှုတ်မြိန်စေ၏။ သလိပ်သည်းခြေ၊ သွေးရောဂါများ၊ အပုပ်အစပ်တို့ကို ငြိမ်ဝပ်စေ၏။ ရေငတ်ခြင်း၊ မူးဝေခြင်း၊ ဝမ်းဖောရောင်ခြင်း၊ ဝမ်းဗိုက်ထိုးအောင့်ခြင်းနှင့် အဆုတ်နာတို့ကို နိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဝမ်းဗိုက်ထိုးအောင့်နာကျင်၍ ဝမ်းအရည်ကျဲကျဲများသွားပါက လေးညှင်းပွင့်ကိုအမှုန့်ပြု၍ ပျားရည်နှင့် ရောသောက်သော် ပျောက်ကင်းနိုင်သည်။
၂။ ကိုယ်ဝန်သန္ဓေတည်စ အန်သောရောဂါဖြစ်လျှင် လေးညှင်းပွင့်နှင့်သကြားခဲကို ရောကျို၍ လျက်ပေးသော် အန်ချင်စိတ်ပျောက်ကင်းနိုင်သည်။
၃။ အဖျားရောဂါနှင့် အားအင်ကုန်ခန်းခြင်းများဖြစ်လျှင် လေးညှင်းပွင့်ကို ဆေးခါးကြီးနှင့် ရောကြိတ်ပြီး ရေနွေးပူပူနှင့်သောက်သော် ပျောက်ကင်းစေနိုင်သည်။
၄။ ရေငတ်ခြင်း၊ ပျို့အန်လိုခြင်း၊ လျှာခြောက်ခြင်း၊ ချွဲခြင်း၊ အရသာမပေါ်ခြင်းများဖြစ်ပါက လေးညှင်းပွင့်ကို ရေနွေးနှင့်ပြုတ်ပြီး ခပ်နွေးနွေးသောက်ပေးပါ။
၅။ အနာများမြုံနေပြီး ပြည်မတည်လျှင် လေးညှင်းပွင့်ကို နနွင်းနှင့်ရောကြိတ်၍ မြုံနေသောအနာပေါ်တွင် လိမ်းအုံပေးသော် အနာပြည်ပေါက်စေနိုင်သည်။
၆။ ကြက်ညှာချောင်းဆိုးဖြစ်လျှင် လေးညှင်းပွင့်ကို မီးနှင့်လှော်၍ကြိတ်ပြီး ပျားရည်နှင့်ရောလျက်ပေးသော် ရက်ကြာသော ကြက်ညှာချောင်းဆိုးပျောက်ကင်းစေနိုင်သည်။
၇။ အထိုင်အထတို့တွင် မူး၍မျက်စိများပြာသော်၊ လေးသော် လေးညှင်းပွင့်ကိုရေအေးဖြင့်စိမ်ထားပြီး မျက်စဉ်းခတ်ပေးပါက မျက်စိပြာ၍မူးဝေခြင်း ပျောက်ကင်းစေနိုင်သည်။
၈။ သွားနာ၊ သွားကိုက်ရောဂါဖြစ်လျှင် လေးညှင်းပွင့် သို့မဟုတ် လေးညှင်းဆီကို သွားကိုက်သောနေရာတွင်သိပ်ပေးပါက ပျောက်ကင်းသက်သာစေနိုင်သည်။
၉။ အဆစ်အမျက်ကိုက်ခဲနာကျင်သောသူများသည် မုန်ညင်းဆီတွင် လေးညှင်းပွင့်ကိုထည့်၍ မီးဖြင့်ဆူအောင်ချက်ပြီး လိမ်းပေးပါက နာကျင်ကိုက်ခဲခြင်းများပျောက်ကင်းစေနိုင်သည်။
၁၀။ ခေါင်းကိုက်ရောဂါဖြစ်လျှင် နားထင်နှစ်ဖက်နှင့် နဖူးတွင် လေးညှင်းဆီကိုပွတ်လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

**လက်ထုတ်ကြီး**

အင်္ဂလိပ်အမည် - Rosebay
မျိုးရင်း - Apocynaceae
ရုက္ခဗေဒအမည် - Holarrhenaantidysenteria Wall.

**အဓိကဆေးဖက်ဝင်ပုံ**

ဝမ်းကိုက်ခြင်း၊ လိပ်ခေါင်းရောဂါကြောင့် သွေးယိုသွေးကျခြင်း၊ လေထိုးလေအောင့်ရောဂါ၊ ဆီးချုပ်ဆီးအောင့်ရောဂါ၊ နားကိုက်၊ နားပြည်ယိုရောဂါ၊ အကြောရောင်ရောဂါ၊ ဝမ်းဗိုက်ဖောရောင်ရောဂါ၊ လည်ချောင်းနာရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ သန်ထိုးသောရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အခေါက်၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ ရွက်ကြွေပင်လတ်မျိုးဖြစ်သည်။ အမြင့် ၁၀ ပေမှ ၁၅ ပေထိမြင့်သည်။ အပင်အရွယ်လိုက်၍ အခေါက်အထူအပါးရှိသည်။ အပင်အနည်းငယ်ကြမ်းပြီး မီးခိုးနုရောင်ပေါ်တွင် ဖြူပြာရောင်အကွက်ငယ်လေးများရှိသည်။ အကိုင်းအခက်များစွာ

❖ လက်ထုတ်ကြီးခေါက်သည် ဖန်၏။ ခါး၏။ စပ်၏။ ခြောက်သွေ့၏။ ပူ၏။ ရောဂါပိုးတို့ကို နိုင်၏။ လက်ထုတ်ဆန်သည် ခါး၏။ အေး၏။ ကလေးများ ဝမ်းပျက်၊ ဝမ်းသွား၊ အဖျားရောဂါများကိုကာကွယ်နိုင်၏။ အစာကို ကြေကျက်စေ၏။ အရေပြားရောဂါကို ပျောက်ကင်းစေ၏။ ❖

ဖြာထွက်သည်။ တစ်ပင်လုံးမှာ အဖြူရောင်အစေးများထွက်သည်။

အရွက်။ ။ ရွက်ဆိုင်ထွက်သည်။ ဘဲဥပုံသဏ္ဌာန်ရှိ၍ ရွက်ရင်းအနည်းငယ်ဝိုင်းပြီး ရွက်ထိပ်ဖျားချွန်သည်။ ရွက်ကြောထင်ရှားသည်။ အရွက်အပေါ်မျက်နှာပြင်နူးညံ့ပြီး အောက်မျက်နှာပြင်၌ အမွေးနုများရှိသည်။ အရွက်မှ အစေးထွက်၏။

အပွင့်။ ။ ပန်းခိုင်ပေါ်၌ အဖြူရောင် စံပယ်ပွင့်ကဲ့သို့ မွှေးကြိုင်သောပန်းပွင့်ကလေးများပွင့်သည်။ ပွင့်ဖတ် ငါးဖတ်ရှိ၍ ပွင့်ညှာရှည်သည်။

အသီး။ ။ တစ်ပေကျော်ထိ ရှည်သည်။ အညှာတွင် အသီးတောင့် နှစ်တောင့်တွဲလျက်ထွက်၏။ အခွံအနီရောင်သန်း၏။ အသီးရှိအစေ့များမှာ ခါးသောအရသာရှိ၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ လက်ထုတ်ကြီးခေါက်သည် ဖန်၏။ ခါး၏။ စပ်၏။ ခြောက်သွေ့၏။ ပူ၏။ ရောဂါပိုးတို့ကိုနိုင်၏။ လက်ထုတ်ဆန်သည်ခါး၏။ အေး၏။ ကလေးများ ဝမ်းပျက်၊ ဝမ်းသွား၊ အဖျားရောဂါများကို ကာကွယ်နိုင်၏။ အစာကို ကြေကျက်စေ၏။ အရေပြားရောဂါကို ပျောက်ကင်းစေ၏။ အပွင့်သည် ကား၏။ အေး၏။ ဖန်၏။ ကြေကျက်လွယ်၏။ ဝမ်းမီးကို တောက်စေ၏။ လေကိုဖြစ်စေ၏။ လေ၊ သလိပ်၊ သည်းခြေ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အတွင်းလိပ်ခေါင်းကြောင့်ဖြစ်သည့် သွေးယို၊ သွေးကျဖြစ်ပါက လက်ထုတ်ခေါက်ကို ဆေးအဖြစ် အခြားဆေးအမည်များနှင့် ရောစပ်ဆေးဖော်လေ့ရှိကြသည်။
၂။ အဖျားရောဂါမပျောက်ဘဲ တစ်ကျော့ပြန်ဖျားသောရောဂါဖြစ်လျှင် လက်ထုတ်ကြီးခေါက်ကို ရေအေးဖြင့်စိမ်ထားပြီး သောက်သုံးပေးပါက အဖျားပျောက်သည်။ အခေါက်ကို အမှုန့်ပြု၍ ဆေးအဖြစ်သောက်သုံးပါကလည်း အဖျားပြတ်စေနိုင်သည်။
၃။ ဝမ်းကိုက်ရောဂါ၊ သွေးဝမ်းသွားရောဂါ၊ ကာလဝမ်းရောဂါများဖြစ်လျှင် လက်ထုတ်ကြီးခေါက်ကို အမှုန့်ပြုလုပ်၍ ပျားရည်နှင့်ရောသောက်ပါက ပျောက်ကင်းစေနိုင်သည်။
၄။ အကြောအဆစ်ရောင်ရောဂါဖြစ်လျှင် လက်ထုတ်ကြီးအခေါက်ကို လှော်၍ အမှုန့်ပြုလုပ်ပြီး ပျားရည်၊ ထောပတ်တို့နှင့်ရော၍ သောက်သုံးပေးပါက ပျောက်ကင်းစေနိုင်သည်။
၅။ နားပြည်ယို၊ နားကိုက်ရောဂါဖြစ်ပါက အခေါက်ကို အမှုန့်ပြုပြီး အရွက်ကိုကြိတ်၍ရသောအရည်နှင့်ရောပြီး နားတွင်းသို့ ထည့်ပေးပါက နားပြည်ယိုရောဂါကို ပျောက်ကင်းစေနိုင်သည်။
၆။ ဆီးချုပ်၊ ဆီးအောင့် ရောဂါများဖြစ်ပါက အခေါက်ကိုအမှုန့်ပြု၍ နွားနို့နှင့် ရောသောက်ပါက ပျောက်ကင်းစေနိုင်သည်။
၇။ ဝမ်းဗိုက်ဖောရောင်သော ရောဂါဖြစ်လျှင် လက်ထုတ်ကြီးအမြစ်ကို ရေနှင့်သွေး၍ ဟင်းစားဇွန်းနှစ်ဇွန်းမျှသောက်သုံးပေးလျှင် ဝမ်းဗိုက်ဖောရောင်ခြင်းရောဂါကို ပျောက်ကင်းစေနိုင်သည်။
၈။ အနာစက်၊ အနာမီး၊ အနာလျှံ၊ အနာပေါက်ရောဂါများဖြစ်လျှင် လက်ထုတ်ကြီးအမြစ်ကိုသွေး၍ သိန္ဓောဆားအနည်းငယ်ရောစပ်ပြီး အနာတွင် ထည့်ပေးပါက ပျောက်ကင်းစေနိုင်သည်။
၉။ လည်ချောင်းနာလျှင် လက်ထုတ်ကြီးအမြစ်ခေါက်ကို ဆားအနည်းငယ်နှင့် ရောသွေး၍ ငုံပေးပါ။



၁၀။ ကျောက်တည်ရောဂါဖြစ်လျှင် လက်ထုတ်ကြီးမြစ်နှင့် ဇဝက်သာကို ရောကြိတ်ပြီး အမှုန့်ပြု၍ ဆန်ဆေးရည်နှင့် သောက်ပေးပါက ကျောက်ကျစေနိုင်သည်။
၁၁။ သန်ချဆေးအဖြစ် လက်ထုတ်ကြီးအမြစ်ကို ရေနှင့်သွေးပြီး အိပ်မွှေ့သီးအနည်းငယ်ထည့်သောက်ပါက သန်ကျစေနိုင်သည်။
၁၂။ ဖောရောင်သောရောဂါဖြစ်ပါက လက်ထုတ်ကြီးခေါက်ကိုပြုတ်ပြီး ရေချိုးပေးခြင်းဖြင့် အဖောအရောင်ကျစေနိုင်သည်။
၁၃။ ဝမ်းကိုက်၊ သွေးဝမ်းကိုက်ရောဂါများအတွက် ဆေးဖော်စပ်ရာတွင် လက်ထုတ်ကြီးအခေါက်သည် အစွမ်းထက်သောဆေးဖက်ဝင်ပစ္စည်းဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ကချင်ပြည်နယ် တောင်တန်းဒေသထွက် ဟင်းခတ်အမွှေးအကြိုင်ရှောက်ကောကို တရုတ်နိုင်ငံသို့ ပို့ကုန်အမည်သစ်အဖြစ် တင်ပို့ရန်ပြင်ဆင်နေ

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် တောင်တန်းဒေသထွက် ဟင်းခတ်အမွှေးအကြိုင် ရှောက်ကောကို တရုတ်နိုင်ငံသို့ ပို့ကုန်အမည်သစ်အဖြစ်တင်ပို့ရန် ပြင်ဆင်နေကြောင်း ကချင်ပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပို့ကုန်အမည်သစ်အဖြစ် တင်ပို့ရန်ပြင်ဆင်နေသည့် ရှောက်ကောကို တရုတ်လူမျိုးများက ပရဆေးအဖြစ် အသုံးပြုကြပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုကြသဖြင့် ပြည်ပဈေးကွက်ရရှိပြီးဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ် တောင်တန်းဒေသထွက် ဟင်းခတ်အမွှေးအကြိုင်နဲ့ ပရဆေးတစ်မျိုးဖြစ်တဲ့ ရှောက်ကောကို တရုတ်နိုင်ငံကို ပို့ကုန်အမည်သစ်အနေနဲ့ တင်ပို့နိုင်ဖို့ စက်တင်ဘာ ၁၆ ရက်ကနေ ၁၉ ရက်ထိ တရုတ်နိုင်ငံ နန်နင်းမြို့မှာ ကျင်းပမဲ့ အကြိမ် ၂၀ မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှာ ကချင်ပြည်နယ်က MSME လုပ်ငန်းရှင်တွေ သွားရောက်ပြီးတော့ ဈေးကွက်မြှင့်တင်မှာဖြစ်ပါတယ်။ ရှောက်ကောကို ပို့ကုန်အမည်သစ်အနေနဲ့ တရုတ်ကိုတင်ပို့နိုင်ပြီဆိုရင်တော့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းအပြင် ကုန်သွယ်မှုပမာဏပါ တိုးလာနိုင်မှာဖြစ်ပါတယ်"ဟု ကချင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအသင်းမှ ဇဟိုအလုပ်အမှုဆောင် ဦးထွန်းထွန်းနိုင်က ပြောပြသည်။

ရှောက်ကောပင်သည် စိမ့်ဆန်သောမြေမျိုးတွင် အလေ့ကျပေါက်ရောက်လေ့ရှိပြီး အဆိုပါရှောက်ကောပင်ကို ကချင်ပြည်နယ်တွင် ဟင်းခတ် အမွှေးအကြိုင်အဖြစ်အသုံးပြုခဲ့ရာမှ လူကြိုက်များကာ ဒေသတွင်း ဈေးကွက်ရှိကြောင်း၊ ရှောက်ကောပင်များကို ကချင်ပြည်နယ် တောင်တန်းဒေသများတွင် စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင်တန်ချိန် ၁၅၀၀၀ ခန့်ထွက်ရှိကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ASH



# ပျော်ဘွယ်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ရွာသစ်ကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ကာကွယ်ကြပါ အိုဇုန်းလွှာ

\- တို့ကမ္ဘာမြေ ဘေးမသန်း
အေးချမ်းဖို့ မျှော်ကာရည်၊
ခရမ်းလွန်ရောင်ခြည် မကျရောက်ဖို့
စောင့်ရှောက်ရမည်၊
အန္တရာယ်ကင်းသည့် နေရောင်ခြည်
ကမ္ဘာမြေဆီ ရောက်ရှိရေး၊
အိုဇုန်းလွှာ တားဆီးလို့
ပိုင်းခြားကာပေး။

\- ကမ္ဘာ့နိုင်ငံ ရက်မြတ်ရွေးလို့
သတ်မှတ်ပေး နေ့မြတ်အခါ၊
လူသားတွေ အကျိုးပြုဖို့
ရှေးရှုလို့သာ၊
"တစ်ဆယ့်ခြောက်ရက်" စက်တင်ဘာ
သတ်မှတ်ကာ နိုင်ငံအများ၊
တို့ကမ္ဘာ အပူမကျရောက်ဖို့
စောင့်ရှောက်စေသား။

\- နေအပူရှိန် စည်းကာထားသည့်
အိုဇုန်းလွှာအား ထိန်းသိမ်းကာ၊
ဓာတ်ငွေ့လောင်စာ ပေါ့ဆမဖြုန်း
လျှော့ချသုံးပါ၊
သစ်ပင်စိုက်ပျိုး တောမီးရန်ကာ
ရုပ်ကြွင်းလောင်စာ ထိန်းကာသုံး၊
လေထုအလွှာ မပေါက်ပြဲရေး
စောင့်ရှောက်အိုဇုန်း။ ။

**ရွှေတိုး(ထုံးဘို)**

# ဘားအံမြို့နယ် တံတားဦးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျုံစောက်ကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက တံတားဦးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ တံတားဦးကျေးရွာမှ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးပြုကာ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားဦးကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော်မတီစုဖွဲ့မှုဖြင့် ယခုနှစ် မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

# နိုင်ငံတကာ သတင်းများ

## ယခုနှစ်အတွင်း အလုပ်သမားဥပဒေချိုးဖောက်ခဲ့သည့် ကုမ္ပဏီ ၄၀၀ ကျော်ကို မလေးရှားအရေးယူ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၅**

မလေးရှားနိုင်ငံသည် ယခုနှစ်အတွင်း အလုပ်သမားဥပဒေများ ချိုးဖောက်ခဲ့သည့်ကုမ္ပဏီ ၄၀၀ ကျော်ကိုဒဏ်ငွေရိုက် အရေးယူမှုများပြုလုပ်ခဲ့ကြောင်း မလေးရှားလူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး ဗွီဆီဗာကူးမားက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားလူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန အလုပ်သမားရေးရာဌာနသည် ယခုနှစ်အတွင်း အလုပ်သမားဥပဒေများချိုးဖောက်ခဲ့သည့်ကုမ္ပဏီ ၂၇၂ ခုကို ဒဏ်ငွေ ရင်းဂစ် ၂ ဒသမ ၁၇ သန်း(အမေရိကန်ဒေါ်လာ ၄၃၆၀၀၀)ဒဏ်ငွေရိုက်ခဲ့ကြောင်း သိရသည်။

အလားတူ မလေးရှားတရားရုံးများကလည်း အလုပ်သမားဥပဒေများချိုးဖောက်ခဲ့သည့် ကုမ္ပဏီ ၁၂၈ ခုကို ဒဏ်ငွေ ရင်းဂစ် ၂၄၂၀၀၀ (အမေရိကန်ဒေါ်လာ ၅၁၇၀၀) ဒေါ်လာထိ ဒဏ်ငွေရိုက်ခဲ့ကြောင်း ဝန်ကြီးဗွီဆီဗာကူးမားက ပြောကြားခဲ့သည်။

အလုပ်သမားဥပဒေချိုးဖောက်မှုများထဲတွင် အလုပ်သမားများ၏ လုပ်ခလစာကို တရားမဝင်လျှော့ချခြင်းလည်းပါဝင်ကြောင်း ဝန်ကြီးဗွီဆီဗာကူးမား၏ အဆိုအရ သိရသည်။

သို့ရာတွင် အလုပ်သမားဥပဒေချိုးဖောက်မှုကြောင့် ဒဏ်ငွေရိုက်ခံခဲ့ရသော ကုမ္ပဏီများ၏အမည်များကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သကဲ့သို့ မည်သည့်အလုပ်သမားဥပဒေများအား ချိုးဖောက်ခဲ့သည်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

မလေးရှားကုမ္ပဏီများသည် ဒေသတွင်းရွှေ့ပြောင်းအလုပ်သမားများအပေါ် အနိုင်ကျင့်အမြတ်ထုတ်မှုစွပ်စွဲချက်များကြောင့် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ပင်မှုနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**

## ဓာတ်အားလွှဲပြောင်းပေးပို့မှုကြိုးလိုင်းမီးလောင်မှုကြောင့် နိုင်ဂျီးရီးယားတစ်နိုင်ငံလုံး လျှပ်စစ်မီးပျက်တောက်ခဲ့

**အဘူဂျာ စက်တင်ဘာ ၁၅**

အဓိကလျှပ်စစ်ဓာတ်အားလွှဲပြောင်းပေးပို့မှုကြိုးလိုင်းတစ်လိုင်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် စက်တင်ဘာ ၁၄ ရက်တွင် နိုင်ဂျီးရီးယားတစ်နိုင်ငံလုံး လျှပ်စစ်မီးပျက်တောက်ခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နောက်ပိုင်းတွင် နိုင်ဂျီးရီးယားလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီများသည် လျှပ်စစ်ဓာတ်အားပေးပို့မှုကို တစ်ဖြည်းဖြည်းပြန်လည်စတင်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ဂျာပြည်နယ် အတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံနှင့်ချိတ်ဆက်ထားသည့် ဓာတ်အားလွှဲပြောင်းပေးပို့မှုလိုင်းတစ်လိုင်း၌ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တစ်နိုင်ငံလုံး လျှပ်စစ်မီးပျက်တောက်ခဲ့ရခြင်း ဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

သို့ရာတွင် မီးလောင်ကျွမ်းမှုကို အပြည့်အဝပြန်လည်ထိန်းချုပ်ခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အားပေးပို့မှုပြန်လည်စတင်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းမှုစနစ်သည် မကြာခဏဖောက်ပြန်တတ်ရာ နိုင်ဂျီးရီးယားစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများမှာ ဓာတ်ဆီနှင့်ဒီဇယ်မီးစက်များကို အားပြုနေကြရခြင်း ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးဝေမှုစနစ်သည် ၂၀၂၂ ခုနှစ်တွင် အနည်းဆုံးလေးကြိမ်ထိ ပြိုလဲခဲ့ဖူးကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**



## ကင်ဂျုံအန်၏ ရုရှားခရီးစဉ်အတွင်း စစ်ရေးသဘောတူညီချက် ရယူခဲ့ခြင်းမရှိကြောင်း ရုရှားအစိုးရထုတ်ပြန်



**မော်စကို စက်တင်ဘာ ၁၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ယခုသီတင်းပတ် ရုရှားခရီးစဉ်အတွင်း ရုရှားနှင့် မြောက်ကိုရီးယားတို့ အနေဖြင့် မည်သည့်စစ်ရေးစစ်ရာ သဘောတူညီချက်မျှ ရယူခဲ့ခြင်းမရှိကြောင်း ရုရှားအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ရုရှားခရီးစဉ်အတွင်း မိမိတို့အနေဖြင့် မည်သည့်တရားဝင် သဘောတူညီချက်မျှရယူရန် မူလကပင် စီစဉ်ထားခြင်းမရှိကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၁၃ ရက်တွင် ရုရှားနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် ငါးနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်အတွက် လေးနှစ်ကျော်ကာလအတွင်း ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ရုရှားနိုင်ငံအရှေ့ပိုင်း၌ ရှိနေဆဲဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတပူတင်တို့အကြား ရင်းနှီးမှုပိုမိုခိုင်မာလာမှုကြောင့် ယူကရိန်း၌ရုရှားစစ်အင်အားပြန်လည်ခိုင်မာ တောင့်တင်းလာမည့်အရေးကို အနောက်အုပ်စုနိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## သမ္မတ ယွန်ဆွတ်ယိုး ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့သွားရောက်မည်

**ဆိုးလ် စက်တင်ဘာ ၁၅**

ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရေးအတွက် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက စက်တင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် စက်တင်ဘာ ၁၈ ရက်တွင် ငါးရက်ကြာ နယူးယောက်ခရီးစဉ်ကိုစတင်ရန် စီစဉ်ထားကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်စဉ် သမ္မတယွန်ဆွတ်ယိုးသည် အဓိကမိန့်ခွန်းတစ်ရပ်ပြောကြားရန် စီစဉ်ထားကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်အပါအဝင် နိုင်ငံတကာခေါင်းဆောင်များနှင့် တရားဝင်တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားနိုင်ငံသို့သွားရောက်ပြီးနောက် တောင်ကိုရီးယားသမ္မတ၏ နယူးယောက်ခရီးစဉ်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်း၌ တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးအနေဖြင့် မြောက်ကိုရီးယားနှင့်ရုရှားတို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေကို ထည့်သွင်းပြောကြားရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**



## တရုတ်(တိုင်ပေ)သို့ လက်နက်များရောင်းချခဲ့သည့် အမေရိကန်ကုမ္ပဏီနှစ်ခုကို တရုတ်အရေးယူပိတ်ဆို့မည်

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်(တိုင်ပေ)ကို လက်နက်များဖြည့်ဆည်းပေးမှုဖြင့် အမေရိကန်ပြည်ထောင်စု အခြေစိုက် လေကြောင်းနှင့်ကာကွယ်ရေးစက်မှုလုပ်ငန်းများဖြစ်ကြသော နော့ရော့ဂရူးမင်းကုမ္ပဏီနှင့် လော့ခ်ဟိမာတင်ကုမ္ပဏီတို့ကို တရုတ်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ချမှတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါကုမ္ပဏီနှစ်ခုကို တရုတ်နိုင်ငံ၏ ပြည်ပအရေးယူပိတ်ဆို့မှုဆန့်ကျင်ရေးဥပဒေအရ အရေးယူပိတ်ဆို့ရန် စီစဉ်ထားကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုအနေဖြင့် တရုတ်တစ်ပြည်ထောင်မူဝါဒကို လေးစားလိုက်နာရေးလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ယခုနှစ် ဧပြီလအတွင်းပြုလုပ်ခဲ့သည့် တရုတ်(တိုင်ပေ)သို့လက်နက်များရောင်းချမှုအတွင်း လော့ခ်ဟိမာတင်ကုမ္ပဏီနှင့်နော့ရော့ဂရူးမင်းကုမ္ပဏီတို့ တိုက်ရိုက်ပါဝင်နေကြောင်း တရုတ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)သို့ လက်နက်ရောင်းချသည့် အမေရိကန်ကုမ္ပဏီများကို အခါအားလျော်စွာအရေးယူပိတ်ဆို့လျက်ရှိသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင်နယ်မြေတစ်ခုအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးပြန်လည်ပေါင်းစည်းရေးအတွက် ဖိအားပေးလျက်ရှိကြောင်း သိရသည်။

**Ref : Global Times**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီအနေဖြင့် ဒုတိယမြောက် Starship အာကာသဒုံးယာဉ် လွှတ်တင်ခွင့်ကို ယခုနှစ် အောက်တိုဘာလအတွင်း ရရှိနိုင်



**ဝါရှင်တန် စက်တင်ဘာ ၁၅**

Space-X အာကာသ နည်းပညာကုမ္ပဏီအနေဖြင့် ဒုတိယမြောက် Starship အာကာသဒုံးယာဉ်လွှတ်တင်ခွင့်ကို ယခုနှစ် အောက်တိုဘာလအတွင်း ရရှိနိုင်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ကမ္ဘာပေါ်တွင် တည်ဆောက်ဖူးသမျှ စွမ်းဆောင်ရည်အမြင့်မားဆုံး ဒုံးယာဉ်ဖြစ်သည့် Starship ဒုံးယာဉ်ကို ထပ်မံလွှတ်တင်ရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် Starship ဒုံးယာဉ်ကို လွှတ်တင်ရေးအတွက် အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်း စီမံခန့်ခွဲရေးအေဂျင်စီ (FAA)၏ ခွင့်ပြုချက်ရရန် လိုအပ်ဆဲဖြစ်သည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ပထမဆုံး Starship အာကာသဒုံးယာဉ်ကို ယခုနှစ် ဧပြီ ၂၀ ရက်က လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီးမကြာမီမှာပင် ပြဿနာအမျိုးမျိုးကြောင့် အဆိုပါဒုံးယာဉ်ကို ဖောက်ခွဲဖျက်ဆီးခဲ့ရကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် လနှင့်အင်္ဂါဂြိုဟ်ဆီသို့ လူသားများစေလွှတ်ရေးအတွက် Starship အာကာသဒုံးယာဉ်များကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref:Space.com**
**Trs:KKO**

## အပိုလိုလဆင်းမစ်ရှင်များအတွင်း အမေရိကန်အာကာသယာဉ်မှူးများထားရစ်ခဲ့သော အာကာသယာဉ်ငယ်တစ်စင်းကြောင့် မြေပြင်တုန်ခါလှိုင်းအငယ်စားများ ပေါ်ထွက်လာခြင်းဖြစ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အပိုလို လဆင်းမစ်ရှင်များအတွင်း အမေရိကန်အာကာသယာဉ်မှူးများ ထားရစ်ခဲ့သော အာကာသယာဉ်ငယ် တစ်စင်းကြောင့် မြေပြင်တုန်ခါလှိုင်းအငယ်စားများ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များသည် အပိုလိုခေတ်သတင်းအချက်အလက်များကို ခေတ်သစ်နည်းပညာများဖြင့် လေ့လာခဲ့ပြီးနောက် လပေါ်တွင် ယခင်မကြုံဖူးသော မြေလွှာတုန်ခါမှုပုံစံတစ်ရပ်ရှိနေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါလငလျင်များသည် အပိုလို ၁၇ မစ်ရှင်အတွင်း လမျက်နှာပြင်ပေါ် ကျန်ရှိခဲ့သော အာကာသယာဉ်တစ်စင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။



လမျက်နှာပြင်၏ အပူချိန်အပြောင်းအလဲများသည် လူသားများတည်ဆောက်ထားသည့် အရာဝတ္ထုများကို ကျုံ့ချည်ဆန့်ချည်ဖြစ်စေတတ်ပြီး တုန်ခါလှိုင်းများကိုပေါ်ထွက်စေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လကမ္ဘာမြေလွှာတုန်ခါလှိုင်းများသည် အပိုလို ၁၇ လဆင်းယာဉ်မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အပိုလို ၁၇ လဆင်းယာဉ်သည် လမြေငလျင်တိုင်းတာရေးစနစ်များနှင့် မီတာရာဂဏန်းအနည်းငယ်အကွာတွင်တည်ရှိကြောင်းသိရသည်။

**Ref:Space.com**
**Trs:KKO**

## သောကြာဂြိုဟ်လေထုလွှာအတွင်း ဖော်ထုတ်တွေ့ရှိခဲ့ရသော လျှပ်ပြက်မှုများသည် ဥက္ကာခဲများလောင်ကျွမ်းချိန်ပေါ်ထွက်လာသည့် အလင်းရောင်များဖြစ်နိုင်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

သောကြာဂြိုဟ်လေထုလွှာအတွင်း ဖော်ထုတ်တွေ့ရှိခဲ့ရသော လျှပ်ပြက်မှုများသည် ဥက္ကာခဲများလောင်ကျွမ်းချိန် ပေါ်ထွက်လာသည့် အလင်းရောင်များဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

ရှေးယခင်က သောကြာဂြိုဟ်လေထုလွှာအတွင်း ထွက်ပေါ်လာတတ်သည့် အလင်းရောင်များကို လျှပ်ပြက်မှုများ၏ အထောက်အထားများအဖြစ် သိပ္ပံပညာရှင်များက လက်ခံထားကြကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သောကြာဂြိုဟ်လေထုလွှာအတွင်းရှိ လျှပ်ပြက်မှုများသည် စင်စစ်အားဖြင့် ဥက္ကာခဲများလောင်ကျွမ်းမှုကြောင့် ပေါ်ထွက်လာသော အလင်းရောင်များဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သောကြာဂြိုဟ်လေထုလွှာအတွင်း ထောက်လှမ်းတွေ့ရှိခဲ့ရသော အလင်းရောင်များအနက် အများစုမှာ သောကြာဂြိုဟ်လေထုလွှာအတွင်း ဝင်ရောက်လာသော ဂြိုဟ်သိမ်များ လောင်ကျွမ်းမှုကြောင့် ပေါ်ထွက်လာသည့်အလင်းရောင်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ သောကြာဂြိုဟ်လေထုလွှာအတွင်း ဝင်ရောက်လာသည့် ဥက္ကာခဲများ ဂြိုဟ်မျက်နှာပြင်အထက် အမြင့် ၆၂ မိုင်ခန့်တွင် လောင်ကျွမ်းခဲ့ပါက အထက်ပါအလင်းရောင်များ ထွက်ပေါ်နိုင်ကြောင်း သိရသည်။

ထို့ပြင် သောကြာဂြိုဟ်လေထုလွှာအတွင်း လျှပ်ပြက်မှုများမှာ မူလမျှော်လင့်ထားသည်ထက် ပို၍ ရှားပါးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref:Space.com**
**Trs:KKO**

# HEALTH

## စိတ်ကျရောဂါဖြစ်ပွားမှုတွင် မတူသောရောင်ရမ်းမှု လုံ့ဆော်ရေးပရိုတင်းများနှင့် ဆက်စပ်နေ

**လန်ဒန် စက်တင်ဘာ ၁၅**

စိတ်ကျရောဂါ ဖြစ်ပွားမှုနှင့် စိတ်ကျရောဂါဖြစ်နိုင်ခြေမြင့်မားမှုတို့သည် မိန်းကလေးများနှင့် ယောက်ျားလေးများတွင် ပေါ်ထွက်လာတတ်သည့် တစ်ခုနှင့်တစ်ခုမတူသော ရောင်ရမ်းမှုလှုံ့ဆော်ရေး ပရိုတင်းများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

ရောင်ရမ်းမှုလှုံ့ဆော်ရေး ပရိုတင်းများနှင့် စိတ်ကျရောဂါတို့ကြား ဆက်စပ်မှုတွင် လိင်ကွဲပြားမှုသည်လည်း တစ်စိတ်တစ်ပိုင်းပတ်သက်နေကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ ယောက်ျားလေးများ၌ ဆိုင်တိုကိန်း အင်တာလူကင်-၂ ခေါ် ပရိုတင်းတစ်မျိုးမြင့်မားနေမှုသည် စိတ်ကျရောဂါလက္ခဏာများ ပြင်းထန်နိုင်ခြေနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် မိန်းကလေးများတွင်မူ ဆိုင်တိုကိန်းအင်တာလူကင်-၆ ပရိုတင်းမြင့်မားမှုမှာ စိတ်ကျရောဂါလက္ခဏာများ ပြင်းထန်နိုင်ခြေနှင့် ဆက်စပ်နေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ ယောက်ျားလေးနှင့် မိန်းကလေးများ၏ ရောင်ရမ်းမှုလှုံ့ဆော်ရေး ပရိုတင်းများနှင့်စိတ်ကျရောဂါတို့ကြား ဆက်စပ်မှုတွင် လိင်ကွဲပြားမှုမှာ အဓိကနေရာမှ ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ဗြိတိန်သုတေသနပညာရှင်များသည် အသက် ၁၄ နှစ်နှင့် ၁၆ နှစ်ကြား ယောက်ျားလေး ၇၅ ဦးနှင့်မိန်းကလေး ၇၅ ဦးတို့၏ သွေးအတွင်း ဆိုင်တိုကိန်းပါဝင်မှုအဆင့်ကို တိုင်းတာလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref:Daily Mail**
**Trs:KKO**

## ဂျပန်သုတေသနပညာရှင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသောက်ဆေးတစ်မျိုးကို စမ်းသပ်နေ

**တိုကျို စက်တင်ဘာ ၁၅**

ဂျပန်သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သောက်ဆေးတစ်မျိုးကို စမ်းသပ်နေကြောင်း စက်တင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါကာကွယ်ဆေးကို မျောက်များဖြင့် လက်တွေ့စမ်းသပ်လျက်ရှိရာ ရလဒ်ကောင်းများ ပေါ်ထွက်လာကြောင်း ဂျပန် သုတေသနပညာရှင်များက ပြောကြားသည်။


အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သောက်ဆေးကို မျောက်များဖြင့် စမ်းသပ်ရာတွင် မည်သည့် ဘေးထွက်ဆိုးကျိုးမျှမရှိဘဲ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ပေးနိုင်သည့်ပဋိပစ္စည်းများကို အလုံအလောက် ထုတ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါသောက်ဆေးက ထုတ်ပေးသည့်ပဋိပစ္စည်းများ ကိုဗစ်-၁၉ ရောဂါဆဲလ်များအတွင်း မဝင်ရောက်မီ၊ ပုံတူဆင့်ပွားမှုမလုပ်နိုင်မီ တားဆီးပေးနိုင်ကြောင်း ဂျပန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဂျပန် သုတေသနပညာရှင်များ၏ သောက်ဆေးသည် ကိုဗစ်-၁၉ ရောဂါကို ရှင်းလင်းပေးနိုင်သည့် Immunoglobulin A အမည်ရှိ ပဋိပစ္စည်းတစ်မျိုးကို ထုတ်ပေးသည်။

မိမိတို့၏ သောက်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်း ကျဆင်းလာမှုကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်ဟု ဂျပန်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref:Daily Mail**
**Trs:KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

ML

**ဘုန်းမောက် Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၁၇-၉-၂၀၂၃ (ည ၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၁ - ၃ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘုန်းမောက်** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |
| **ချဲလ်ဆီး** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

ပရီးမီးယားလိဂ်မှာ နိုင်ပွဲမရသေးတဲ့ ဘုန်းမောက်ဟာ အခုပွဲစဉ်မှာလဲ ချဲလ်ဆီးအသင်းနဲ့ပွဲကျပ်ကစားရမှာဖြစ်လို့ ထပ်မံရှုံးနိမ့်ရအုံးမှာပါ။ ချဲလ်ဆီးအသင်းကတော့ အဓိက ကစားသမားခေါ်ယူမှုတွေပြုလုပ်ထားပေမဲ့ ရလဒ်ပိုင်းဆိုးရွားနေတာကြောင့် ဘုန်းမောက်အသင်းနဲ့တွေ့ချိန်မှာ မဖြစ်မနေနိုင်ပွဲရဖို့ကြိုးစားရမှာပါ။ ဒါကြောင့် တိုက်စစ်မြှင့်ကစားပြီး နိုင်ပွဲရှာလာမဲ့ ချဲလ်ဆီးကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘုန်းမောက် ၁ – ၂ ချဲလ်ဆီး**

## အီတလီစီးရီးအေ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်များ

ML

**မွန်ဇာ Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၁၇-၉-၂၀၂၃ (ည ၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မွန်ဇာ ၀ – ၁ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မွန်ဇာ** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **လက်ချီ** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

မွန်ဇာအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ဂိုးပြတ်ရှုံးခဲ့ပေမဲ့ အိမ်ကွင်းကစားပုံ မာကျောတဲ့အသင်းဖြစ်တာကြောင့် အခုအိမ်ကွင်းပွဲစဉ်ကို နိုင်ပွဲရဖို့ပြင်ဆင်လာမှာပါ။ လက်ချီအသင်းကတော့ အခုရာသီ ရှုံးပွဲမရှိသေးပေမဲ့ မွန်ဇာနဲ့တွေ့ရင် ရလဒ်ကောင်းဖို့ခက်ခဲလေ့ရှိတာကြောင့် ရှုံးပွဲကြုံဖို့များပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားအားကောင်းတဲ့ မွန်ဇာနဲ့ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – မွန်ဇာ ၂ – ၀ လက်ချီ**

**ဖီအိုရင်တီးနား Vs အတ္တလန်တာ**

**ကစားမည့်ရက်/အချိန် ၁၇-၉-၂၀၂၃ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖီအိုရင်တီးနား ၁ – ၁ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖီအိုရင်တီးနား** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **အတ္တလန်တာ** | – | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ဖီအိုရင်တီးနားအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အင်တာကို ဂိုးပြတ်ရှုံးခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရမှ ဥရောပဝင်ခွင့်မျှော်လင့်ချက်ကောင်းမှာဖြစ်ပါတယ်။ အတ္တလန်တာကတော့ အိမ်ကွင်းကစားအားကောင်းပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်း ရလဒ်ကောင်းနေတဲ့ ဖီအိုရင်တီးနားကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၂ – ၁ အတ္တလန်တာ**

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းသည် လူငယ်ကစားသမား ဗစ်တာရိုက်ဂီကို ကစားသမားမှတ်ပုံတင်ရန်အတွက် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းမှကစားသမားတစ်ဦးကို ရောင်းချရမည်ဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ခံစစ်ကစားသမား ဝေါ်လ်ကာကို လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ML

## ခံစစ်ကစားသမား ဘန်ဝိုက်ကို ကာလရှည်စာချုပ်ချုပ်ဆိုရန် အာဆင်နယ်အသင်းကြိုးပမ်း




**လန်ဒန် အောက်တိုဘာ ၁၅**

အာဆင်နယ် အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိသေးသည် ခံစစ်ကစားသမား ဘန်ဝိုက်ကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်အတွက် ကာလရှည်စာချုပ် ချုပ်ဆိုရန်ဆွေးနွေးခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း သဘောတူညီမှုရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

ဘန်ဝိုက်သည် အသင်းနှင့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းသည် အသင်းခံစစ်ပိုင်းတွင် ပုံစံကောင်းပြသ၍ အဓိကကစားသမားအဖြစ်ပါဝင်နေသူဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်း၏ခြေစွမ်းပိုင်းကို ဂုဏ်ပြုချီးမြှင့်လိုသဖြင့် ကာလရှည်စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ကွင်းလယ်ကစားသမားဖြစ်သည့် အိုဒီဂတ်ကိုလည်း စာချုပ်သက်တမ်းတိုးရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီးနောက် ခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဘန်ဝိုက်ကိုလည်း လာမည့် စက်တင်ဘာ ၁၆ ရက်တွင် ကစားမည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်အပြီးတွင် တရားဝင်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်မည်ဟု ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဘန်ဝိုက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး နည်းပြအာတီတာလက်အောက်တွင် ဗဟိုခံစစ်ပိုင်းနှင့် တောင်ပံခံစစ်ပိုင်းတို့တွင် ပါဝင်ကစားပေးနိုင်ခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပွဲစဉ်အားလုံးတွင် ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

## Fortinet Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဩစတြေးလျကစားသမားဟာဘက် ဦးဆောင်

**ကော့ဒယ် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံ အရီဇိုးနား ပြည်နယ် စကော့ဒယ်မြို့တွင်ကျင်းပနေသည့် Fortinet Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဟာဘက်က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမား ကင်မ်ဆောင်ဟွန်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဟာရီဟောလ် အပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ်ဒါ၀စ်က "ဒီနှစ်ကတော့ အခက်အခဲတွေ အများဆုံးရင်ဆိုင်ခဲ့ရတဲ့နှစ်ဖြစ်ပါတယ်။ ကစားသမားဘဝဆိုတာက အတက်အကျတွေတော့ရှိနေမှာပါ။ ဒါပေမဲ့လဲ ဒီနှစ်ကတော့ ဆိုးဆိုးရွားရွားကို ဖြစ်ခဲ့ရတယ်။ ပထမနေ့မှာရခဲ့တဲ့ ရလဒ်ပိုင်းက အကောင်းဆုံးကြီး မဟုတ်ပေမဲ့လဲ ထိုက်သင့်သလောက်ကောင်းမွန်ခဲ့တယ်လို့ ပြောရမယ်။ နောက်နေ့တွေမှာ ဒီထက်ပိုကောင်းအောင် ကစားနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဟာဘက်က "ပထမနေ့မှာတော့ ပုံစံကောင်းတွေပြန်ရခဲ့တယ်။ ပြီးခဲ့တဲ့ပြိုင်ပွဲတွေမှာ အဆင်မပြေခဲ့လို့ ဒီပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေ ပိုပြီးလုပ်ခဲ့ပါတယ်။ ပြင်ဆင်လေ့ကျင့်ထားမှုတွေကလဲ အလုပ်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : The West**
**Trs : AZL**

## Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၅**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့်ဂျပန်ကြက်တောင်မယ် ရှိအိုရီဆိုင်တို တို့ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

သက်ထားသူဇာသည် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲတွင် ၃၂ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး အဆိုပါအဆင့်တွင်လည်း အိန္ဒိယကြက်တောင်မယ် ရှီတာနီကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ၁၆ ဦးရှုံးထွက်အဆင့်တွင်လည်း အိန္ဒိယကြက်တောင်မယ် အဒီတီဘာဟက်ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် ၁၀၂ နေရာတွင်ရပ်တည်နေသည့် ဂျပန်ကြက်တောင်မယ် ရှိအိုရီဆိုင်တိုယှဉ်ပြိုင် ကစားခဲ့ရာတွင်လည်း လက်ရှည်အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး ပထမပွဲငယ်နှင့် ဒုတိယပွဲငယ် နှစ်ပွဲစလုံးတွင် ၂၁ မှတ် ၁၄ မှတ်စီဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



သက်ထားသူဇာသည် Yonex Sunrise Vietnam Open 2023 ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် ၁၅၆ နေရာ၌ရပ်တည်နေသည့် ဂျပန်ကြက်တောင်မယ်တစ်ဦးဖြစ်သည့် အကာရီကူရီဟာယာနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇော်တင်ဘာ ၁၅**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။




ပြည်နယ်နှင့်တိုင်းဒေသကြီးအလေးမပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ အမျိုးသမီး(၄၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ယဉ်ယဉ်ထွေး(ပဲခူး)၊ ဒုတိယဆုရ ချိုဇင်မြင့်(မကွေး)၊ တတိယဆုရ ခိုင်သဇင်အောင်(ရောဝတီ)၊ အမျိုးသား(၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ထက်အာကာဖြိုး(မကွေး)၊ ဒုတိယဆုရ အောင်ပြည့်စုံဦး(ရောဝတီ)၊ တတိယဆုရ မျိုးမင်းထက်(ရောဝတီ)၊ အမျိုးသမီး (၄၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ နောအယ်ကညောကျော့(ရောဝတီ)၊ ဒုတိယဆုရ ထက်ထက်ထွေး(စစ်ကိုင်း)၊ တတိယဆုရ မာမာထွေး(မန္တလေး)တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးများက လည်းကောင်း၊ အမျိုးသမီး(၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ သက်မွန်မြင့်(မကွေး) ဒုတိယဆုရ အေးစန္ဒာ(စစ်ကိုင်း)၊ တတိယဆုရ ခင်သီတာရွှေ(မကွေး)၊ အမျိုးသား(၆၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ မြတ်ကျော်သူ(ရောဝတီ)၊ ဒုတိယဆုရ ဝေလွင်ဖြိုး(မန္တလေး)၊ တတိယဆုရ အောင်နိုင်လင်း(ရန်ကုန်)တို့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ထက်ညီညီနိုင်(ရောဝတီ)၊ ဒုတိယဆုရ ဝမ်ကြာလယ်(စစ်ကိုင်း)၊တတိယဆုရ ကျော်ဖြိုးလတ်(ရန်ကုန်)၊ အမျိုးသား(၇၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ရှိုင်းညီညီ(ရောဝတီ)၊ ဒုတိယဆုရ ရှိုင်းထက်အောင်(ရှမ်း)၊ တတိယဆုရ သက်ပိုင်ထူး(ရောဝတီ)တို့ကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေးကလည်းကောင်း၊ အမျိုးသမီး(၅၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ပေရယ်ထွန်း(ရောဝတီ)၊ ဒုတိယဆုရ ဆုမြတ်မွန်(ရန်ကုန်)၊ တတိယဆုရ အေးယုခိုင်(မကွေး)၊အမျိုးသား(၈၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ခွန်မောင်ခင်(ရှမ်း)၊ ဒုတိယဆုရ သန်းမျိုးထွန်း(မကွေး)၊ တတိယဆုရ နေလင်းဦး(ရန်ကုန်)တို့ကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသမီး(၆၄)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ သူဇာခင်(စစ်ကိုင်း)၊ ဒုတိယဆုရ အေးစန္ဒာဝင်း(မကွေး)၊တတိယဆုရ မရွှေရည်ဖူး(မကွေး)၊ အမျိုးသား(၈၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ ခိုင်မျိုးဦး(စစ်ကိုင်း)၊ ဒုတိယဆုရ အောင်ထက်ဟိန်း(မန္တလေး)၊ တတိယဆုရ လွင်ထူးခန့်(မကွေး)တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်က ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ STA

# ဖူလ်ဟမ်အသင်းက ပေါ်ဟင်ဟာကို ၂၀၂၈ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆို




**လန်ဒန် ဇော်တင်ဘာ ၁၅**

ဖူလ်ဟမ်အသင်းသည် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာကို လာမည့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ပေါ်ဟင်ဟာသည် နွေရာသီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီက ဂျာမန် ကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၇ သန်းသာ ပေးချေသောကြောင့် ဖူလ်ဟမ်အသင်းက ၎င်းတို့အလိုရှိနေသည့် စတာလင်ပေါင် သန်း ၇၀ မရရှိသဖြင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရသည်။

ပေါ်ဟင်ဟာသည် ဖူလ်ဟမ်အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း စာချုပ်ဖျက်သိမ်း၍ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ခြေစွမ်းပြသနေသည့် ၎င်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ တစ်နှစ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ပေါ်ဟင်ဟာက "ပြီးခဲ့တဲ့ရက်သတ္တပတ်က အသင်းရဲ့အနာဂတ်နဲ့ပတ်သက်လို့ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ အသင်းနဲ့ တစ်နှစ်သက်တမ်းတိုးဖို့ ဆုံးဖြတ်ခဲ့ပြီး အသင်းအတွက် အာရုံစိုက်သွားမှာပါ။ ဘဝမှာအိပ်မက်တွေတကယ်ဖြစ်လာဖို့နဲ့ အမြင့်ဆုံးကိုရောက်ဖို့အတွက် အခက်အခဲတွေနဲ့ကြိုးစားရန်းကန်ရမှာပါ။ ဖူလ်ဟမ်အသင်းနဲ့အတူ အောင်မြင်မှုတွေရဖို့ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# မျက်ဒဗျက်၊ လိုရင်ဇိုနှင့် ဂျက်ဆင်ကူဘာလာတို့ Zhuhai Championships ပြိုင်ပွဲမှနုတ်ထွက်

**ဇူဟိုင် ဇော်တင်ဘာ ၁၅**

တရုတ်နိုင်ငံ ဇူဟိုင်မြို့တွင်ကျင်းပမည့် 2023 Zhuhai Championships တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း ကမ္ဘာ့အဆင့်(၃)နေရာတွင်ရပ်တည်နေသည့် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

US Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် ဂျိုကိုဗစ်ကိုရှုံးနိမ့်ခဲ့သည့် မျက်ဒဗျက်အနေဖြင့် ပွဲပန်းနေသလို အနားယူရန်လိုအပ်သည့်အတွက်ကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ အီတလီနာမည်ကြီးတင်းနစ်ကစားသမားတစ်ဦးဖြစ်သူ လိုရင်ဇိုနှင့် ဩစတေးလျတင်းနစ်ကစားသမား ဂျက်ဆင်ကူဘာလာတို့ကလည်း ပြိုင်ပွဲမှနုတ်ထွက်ကြောင်း အသီးသီးပြောကြားခဲ့သည်။

အလားတူ လိုရင်ဇိုသည် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းမဟုတ်ဘဲ ပြီးခဲ့သောရက်ပိုင်းက Davis Cup တင်းနစ်ပြိုင်ပွဲအဖြစ် အီတလီအသင်းနှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် အီတလီကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မထင်မှတ်သည့်ရလဒ်ဖြင့် ကနေဒါအသင်းကိုရှုံးနိမ့်ခဲ့ကာ ပွဲပန်းနေသည့်အတွက် ခေတ္တအနားယူရန် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဩစတြေးလျတင်းနစ်ကစားသမား ဂျက်ဆင်ကူဘာလာက ဒူးဒဏ်ရာရရှိထားသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis Infinity**
**Trs : AZL**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**ဟိုဖင်ဟိုင်း Vs ဝါဒါဘရီမင်**

**ကစားမည့်ရက်/အချိန် ၁၇–၉–၂၀၂၃ (ည ၀၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟော်ဖင်ဟိုင်း ၂ – ၁ ဝါဒါဘရီမင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖင်ဟိုင်း | – | အိမ်(ရှုံး) | ဧည့်(သရေ) | ဧည့်(ရှုံး) |
| ဝါဒါဘရီမင် | – | ဧည့်(ရှုံး) | အိမ်(နိုင်) | ဧည့်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲရရှိထားတဲ့ ဝါဒါဘရီမင်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပါတယ်။ တန်းတက်ဟော်ဖင်ဟိုင်းအသင်းကတော့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိလို့ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ရုန်းကန်ရဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ ဝါဒါဘရီမင် အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဟော်ဖင်ဟိုင်း ၁ – ၂ ဝါဒါဘရီမင်**

# စပိန်လာလီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

**ဆီဗီလာ Vs လက်ပါးမတ်**

**ကစားမည့်ရက်/အချိန် ၁၇–၉–၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၁ – ၀ လက်ပါးမတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | – | ဧည့်(သရေ) | ဧည့်(ရှုံး) | အိမ်(ရှုံး) |
| လက်ပါးမတ် | – | ဧည့်(ရှုံး) | အိမ်(သရေ) | ဧည့်(ရှုံး) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆီဗီလာအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ပါးမက်အသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်ရှုံးပွဲကြုံထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဆီဗီလာအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဆီဗီလာ ၁ – ၀ လက်ပါးမတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်များ

STA

**စတရာဘော့ Vs မောင့်ပယ်လီယာ**

**ကစားမည့်ရက်/အချိန် ၁၇–၉–၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတရာဘော့ ၂ – ၀ မောင့်ပယ်လီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စတရာဘော့ | – | အိမ်(နိုင်) | ဧည့်(ရှုံး) | အိမ်(သရေ) |
| မောင့်ပယ်လီယာ | – | ဧည့်(နိုင်) | အိမ်(ရှုံး) | ဧည့်(ရှုံး) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ စတရာဘော့အသင်းဟာ မောင့်ပယ်လီယာအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားတဲ့ မောင့်ပယ်လီယာအသင်းရဲ့ခြေစွမ်းပိုင်းက အဝေးကွင်းဆိုရင် ရလဒ်ဆိုးရွားတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ စတရာဘော့အသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း – စတရာဘော့ ၂ – ၁ မောင့်ပယ်လီယာ**

**လိုင်ယွန် Vs လီဟာဗေး**

**ကစားမည့်ရက်/အချိန် ၁၈–၉–၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | – | အိမ်(ရှုံး) | ဧည့်(သရေ) | အိမ်(ရှုံး) |
| လီဟာဗေး | – | အိမ်(ရှုံး) | ဧည့်(သရေ) | အိမ်(နိုင်) |

ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ လိုင်ယွန်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲစတင်ရရှိအောင်ကြိုးစားလာပါလိမ့်မယ်။ လီဟာဗေးအသင်းကလဲ ပြီးတဲ့ပွဲစဉ်ကနိုင်ပွဲရရှိခဲ့တယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ လိုင်ယွန်အသင်းပဲ နိုင်ပွဲစတင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – လိုင်ယွန် ၂ – ၀ လီဟာဗေး**

# ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး

ဘုန်းမောင်ဝင်း(ဖျာပုံ)

နှစ်စဉ် စက်တင်ဘာ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "**Montreal Protocol; Fixing the Ozone Layer and Reducing Climate Change ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ပေး**"ဖြစ်သည်။ အနာဂတ် မျိုးဆက်သစ်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းပေးနိုင်ရန် လက်ရှိမျိုးဆက်များ၏တာဝန်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအပြင် အိုဇုန်းလွှာထိန်းသိမ်းခြင်းလုပ်ငန်းသည်လည်း လက်ရှိလူသားတို့ ဆောင်ရွက်ကြရမည့်တာဝန်တစ်ခုဖြစ်သည်။

အိုဇုန်းလွှာဟူသောစကားလုံးမှာ ဂရိစကားအားဖြင့် အနံ့ဟူ၍အဓိပ္ပာယ်ရရှိသည်။ အောက်ဆီဂျင်အက်တမ်သုံးခုပါဝင်သော မော်လီကျူးတစ်ခုဖြစ်သည့် အိုဇုန်းဓာတ်ငွေ့သည် အပြာရောင်ဖျော့ဖျော့ရှိပြီး အလွန်အနံ့ပြင်းသည်။ မြေပြင်ပေါ်တွင်တည်ရှိပါက လေထုညစ်ညမ်းမှုဖြစ်စေသည်။ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှထုတ်လွှတ်သော ဓာတ်ငွေ့များတွင် အဓိကပါဝင်သည့် နိုက်ထရိုဂျင်၊ အောက်ဆီဂျင်ဒြပ်ပေါင်းများနှင့် အငွေ့ပြန်လွယ်သောအော်ဂဲနစ်ဒြပ်ပေါင်းများ၊ နေရောင်ခြည်နှင့်ဓာတ်ပြု၍ဖြစ်ပေါ်လာရသည့် အိုဇုန်းဓာတ်ငွေ့များသည် ကမ္ဘာ့မျက်နှာပြင်အထက် အမြင့် ၁၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာကြားရှိ စထရာတိုစဖီးယားအလွှာခေါ် လေထုဒုတိယအလွှာအတွင်းတွင် သဘာဝအလျောက် တည်ရှိသည်။ ထိုသဘာဝအလျောက် ဖြစ်ပေါ်နေသော အိုဇုန်းလွှာသည် နေရောင်ခြည်နှင့်အတူပါလာသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအနက် လူနှင့်သက်ရှိတို့ကို အန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည် UV-B ကို ၉၅ ရာခိုင်နှုန်းထိလည်းကောင်း၊ UV-C ကို ၁၀၀ ရာခိုင်နှုန်းထိလည်းကောင်း စုပ်ယူစစ်ထုတ်ပေးနေသည့် အငွေ့စစ်ကိရိယာတစ်ခုအနေဖြင့် အကျိုးပြုလျက်ရှိသည်။

သက်ရှိသတ္တဝါအားလုံးတို့ကိုခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနေသော စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းလွှာသည် ရေခဲသေတ္တာနှင့်လေအေးပေးစက်များတွင်အများဆုံးအသုံးပြုသည့် ကလိုရင်း၊ ဖလိုရင်းနှင့်ကာဗွန်ဒြပ်ပေါင်း ကလိုရိုဖလူရိုကာဗွန် (CFCs) ကြောင့် ပျက်စီးကြောင်း ၁၉၇၄ ခုနှစ် သိပ္ပံပညာရှင်များက စတင်တွေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် ကလိုရင်း၊ ဖလိုရင်း၊ ဘရိုမင်းများပါဝင်သော ဒြပ်ပစ္စည်းများကလည်း အိုဇုန်းလွှာပျက်စီးမှုကိုဖြစ်ပေါ်စေကြောင်း ဆက်လက်တွေ့ရှိခဲ့ကြသည်။ အိုဇုန်းလွှာ၏ အနိမ့်ဆုံးပျမ်းမျှအထုမှာ ၂၂၀ ဒေါ့ဘ်ဆန်ယူနစ်( ၂ ဒသမ ၂ မီလီမီတာ)ဖြစ်သည်။ ၎င်းပျမ်းမျှအထုထက် လျော့နည်းလာခြင်းကို အိုဇုန်းလွှာပျက်စီးခြင်း၊ အိုဇုန်းလွှာပေါက်ပြဲခြင်း (Ozone Hole) ဟု သတ်မှတ်ခေါ်ဝေါ်ခြင်းဖြစ်သည်။

အိုဇုန်းလွှာပျက်စီးရခြင်းမှာ လူသားများ၏ ခေတ်မီနေထိုင်မှုအတွက် တီထွင်အသုံးပြုလာသော ဓာတုပစ္စည်းများကြောင့်ဖြစ်သည်။ ၁၉၈၅ ခုနှစ်က အန္တာတိကတိုက်၌ အိုဇုန်းလွှာပေါက်ထွက်နေခြင်းကို သိပ္ပံပညာရှင်များ စတင်တွေ့ရှိခဲ့သည်။ ၁၉၉၈ ခုနှစ် အိုဇုန်းလွှာအပေါက်ကြီး၏ အရွယ်ပမာဏမှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းခန့်ထိရှိလာကြောင်း တွေ့ရှိခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(NASA)၏ သိပ္ပံပညာရှင်များက အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာအပေါက်ကြီးကို ထပ်မံတိုင်းတာခဲ့ကြရာ အိုဇုန်းလွှာအပေါက်ကြီးမှာ စတုရန်းမိုင် ၁၁ သန်းခန့်ထိကြီးမားလာကြောင်း တွေ့ရှိကြသည်။

ကမ္ဘာ့အိုဇုန်းလွှာအပေါက်ကြီး တည်နေရာမှာ အန္တာတိကတိုက်၏ အပေါ်တည့်တည့်နှင့်တောင်အမေရိကတိုက်၏ တောင်ဘက်အဖျားပိုင်းဖြစ်သော အာဂျင်တီးနားနိုင်ငံနှင့် ချီလီနိုင်ငံတို့၏တောင်ဘက်အစွန်းနေရာများသာဖြစ်သည်။ သို့သော်လည်း စကြဝဠာအတွင်း ကမ္ဘာက မိမိဝင်ရိုးပေါ်၌လည်နေခြင်းနှင့် နေကိုလှည့်ပတ်နေခြင်းတို့ကြောင့် အိုဇုန်းလွှာအပေါက်ကြီးမှတစ်ဆင့် ဖောက်ထွင်းဝင်ရောက်လာသော ခရမ်းလွန်ရောင်ခြည်များသည် ရာသီကာလပေါ်မူတည်ပြီး ကမ္ဘာ့နိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် ပူပြင်းသော နွေရာသီကာလ၌သာ ကျရောက်သည်မဟုတ်ဘဲ သဘာဝယန္တရားကြီးလည်ပတ်နေမှုကြောင့် ရာသီမရွေးကျရောက်နိုင်ပြီး ရာသီကာလများအလိုက် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း အနိမ့်အမြင့်ကွာခြားခြင်းသာရှိသည်။

ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင်နှစ်စဉ်လူဦးရေ နှစ်သန်းမှသုံးသန်းထိအရေပြားကင်ဆာရောဂါဖြစ်ပွားလျက်ရှိပြီး နှစ်စဉ်လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ အစီရင်ခံစာအရ သိရသည်။ ထို့ပြင် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းအများစုသည် ကမ္ဘာ့ပူနွေးမှုညွှန်းကိန်းမြင့်မားကြပြီး အင်အားကြီးသော မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (HGHs) များဖြစ်ကြသောကြောင့် ၎င်းဒြပ်ပစ္စည်းများ အလွန်အကျွံသုံးစွဲမှုသည် ရာသီဥတုပြောင်းလဲမှုဖြစ်စေသည့် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။

ကမ္ဘာလောကကြီးသည် လူသားတို့၏ကြိုးစားအားထုတ်တီထွင်မှုများကြောင့် ခေတ်မီသောနည်းပညာရပ်များပိုင်ဆိုင်ကာ အဆင်ပြေချောမွေ့စွာနေထိုင်ကြရသည်။ ထို့အတူ လူသားတို့၏ပယောဂကြောင့်ပင်လျှင် ကမ္ဘာကြီးပျက်စီးယိုယွင်းမှုဖြစ်ပေါ်လာသည်။ လူသားတို့အန္တရာယ်တစ်ခုဖြစ်လာသော အိုဇုန်းလွှာပျက်စီးလာခြင်းကို လူသားတို့၏စွမ်းဆောင်ကြိုးပမ်းမှုဖြင့် ထိန်းသိမ်းကာကွယ်တည်ဆောက်ကြရမည်ဖြစ်သည်။ အိုဇုန်းလွှာပျက်စီးခြင်းသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော အကြောင်းအရာဖြစ်လာသည်။ အိုဇုန်းလွှာပျက်စီးခြင်းကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်သည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗွီယင်နာကွန်ဗင်းရှင်းကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကိုလည်းကောင်း အတည်ပြုချုပ်ဆိုခဲ့ကြသည်။

**❖ မြန်မာနိုင်ငံသည် အိုဇုန်းလွှာထိန်းသိမ်းရေး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုပါဝင်လာစေရေးအတွက် လူထုအသိပညာပေးလှုပ်ရှားမှုတစ်ရပ်အဖြစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ၂၀၀၈ ခုနှစ်မှစတင်၍ကျင်းပခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့ပြင် အသိပညာပေးလူထုလှုပ်ရှားမှုများလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ❖**

မြန်မာနိုင်ငံသည်လည်း အဆိုပါမွန်ထရီရယ် နောက်ဆက်တွဲစာချုပ်တွင် ပါဝင်လျက်ရှိသည်။ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကိုအောင်မြင်စွာချုပ်ဆိုခဲ့သော စက်တင်ဘာ ၁၆ ရက်ကို ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် (CFCs) ထုတ်လုပ်အသုံးပြုမှုကို ၂၀၁၀ ပြည့်နှစ်ကပင် ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ ၂၀၄၀ ပြည့်နှစ်တွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) များအသုံးပြုမှုကို အပြီးသတ်ရပ်ဆိုင်းနိုင်ရန် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့်သာ တင်သွင်းခွင့်ပြုလျက်ရှိသည်။

ကမ္ဘာ့လူသားတို့အတွက် ဝမ်းသာဖွယ်တစ်ခုမှာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အရ ကမ္ဘာ့နိုင်ငံအားလုံး၏ အိုဇုန်းလွှာကာကွယ်ရေးကြိုးပမ်းမှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၁၃၅ ဘီလီယံတန်ခန့်နှင့်ညီမျှသည့် အိုဇုန်းလွှာပျက်စီးစေသောဓာတ်ငွေ့များ လေထုအတွင်းထုတ်လုပ်မှုကို တားဆီးပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ တားဆီးပေးနိုင်ခဲ့ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဖော်ပြချက်များအရ ယခုအခါ အိုဇုန်းလွှာပျက်စီးစေသော အအေးပေးဒြပ်ပစ္စည်းများအစား အစားထိုးအသုံးပြုနေသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) များသည် အင်အားကြီးသော မှန်လုံအိမ်အာနိသင်ရှိသည့် (Greenhouse Gas-GHGs) ဓာတ်ငွေ့များဖြစ်ကြောင်း တွေ့ရှိချက်များအရ ၎င်း HFCs များ ထုတ်လုပ်မှု၊ သုံးစွဲမှုတို့ကို လျှော့ချနိုင်ရန် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏(၂၈) ကြိမ်မြောက် အစည်းအဝေးတွင် ကီဂါလီပြင်ဆင်ချက်ကိုချမှတ်ခဲ့ကြသည်။ အဆိုပါ HFCs များထုတ်လုပ်သုံးစွဲမှုကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့မှစ၍ လည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၂၉ ခုနှစ်စတင်၍လည်းကောင်းလျှော့ချခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းကိုပါ တစ်ကမ္ဘာလုံး၏ ပူးပေါင်းမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာထိန်းသိမ်းရေး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုပါဝင်လာစေရေးအတွက် လူထုအသိပညာပေးလှုပ်ရှားမှုတစ်ရပ်အဖြစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ၂၀၀၈ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့ပြင် အသိပညာပေးလူထုလှုပ်ရှားမှုများလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အမျိုးသားအိုဇုန်းယူနစ်ကို ဆက်စပ်ဌာနများဖြင့်ဖွဲ့စည်းကာ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုမရှိသည့်အပြင် ပြည်တွင်းသုံးစွဲမှုနည်းပါးသောနိုင်ငံဖြစ်သည်။ မွန်ထရီရယ်သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုကို အဆင့်ဆင့်လျှော့ချကာ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့တွင် ကမ္ဘာ့နိုင်ငံအားလုံးနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည်။ လူသားနှင့် သဘာဝပတ်ဝန်းကျင် ဟန်ချက်ညီစွာအချင်းချင်း အကျိုးပြုနေထိုင်သွားလျှင် ပိုမိုကောင်းမွန်သော အနာဂတ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ကောင်းမွန်သောအနာဂတ်ကို မျိုးဆက်သစ်များသို့ ကောင်းမွေအဖြစ်လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် "ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်သူတစ်ရပ်လုံးက သဘာဝပတ်ဝန်းကျင်ကိုချစ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ပေပင်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)က ကုမ္ပဏီမှ တာဝန်ခံအား ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများအားလုံး သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ၉ ဒသမ ၉ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၈ ဒသမ ၀၄ သန်းဖြင့် Dears Brain ကုမ္ပဏီက ဇူလိုင် ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပေပင်စမ်းကျေးရွာရှိ အိမ်ခြေ ၂၃၈ အိမ်၊ လူ ၉၀၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# သရုပ်ဆောင် ကျော်ကျော်နန္ဒနှင့် ကျော်ကျော်အိန္ဒြာတို့ သီဆိုသရုပ်ဆောင်ထားသည့် ဒါလေးများ တေးသီချင်း MV စက်တင်ဘာ ၁၆ ရက်တွင် ထွက်ရှိမည်ဖြစ်




**ရန်ကုန် စက်တင်ဘာ ၁၅**

သရုပ်ဆောင် ကျော်ကျော်နန္ဒနှင့် ကျော်ကျော်အိန္ဒြာတို့ သီဆိုသရုပ်ဆောင်ထားသည့် ဒါလေးများ တေးသီချင်း Music Video (MV) စက်တင်ဘာ ၁၆ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သရုပ်ဆောင် ကျော်ကျော်နန္ဒက ပြောပြ၍ သိရသည်။

ဒါလေးများ တေးသီချင်းသည် တေးရေး၊ တေးဆို ဂျက်မြသောင်း ရေးသားထားတာ အောင်မြင်ကျော်ကြားခဲ့သည့် တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပြီး ယခုထွက်ရှိလာမည့် ဒါလေးများ တေးသီချင်းကို လီယိုနက်မောင်မောင် တေးဂီတအဖွဲ့က တီးခတ်ပေးထားခြင်းဖြစ်ကာ ဒါရိုက်တာ နေလင်း၊ ရွှေပိုးကောင်နှင့် ဂျက်တို့က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဟိုတုန်းကတည်းက ဦးဂျက်မြသောင်း ဆိုထားတယ်။ အန်တီခိုင်ခင်ဦး၊ မတင့်တင့်ထွန်းတို့ ဆိုထားတဲ့ သီချင်းလေးပါ။ ကျွန်တော်က ကရချန်ရတဲ့ မြူးမြူးကြွကြွ တေးသီချင်းဆို ကြိုက်တယ်။ အမှတ်တရလဲဖြစ်အောင် ကျွန်တော်ကိုယ်တိုင်လဲကြိုက်လို့ ဆိုဖြစ်လိုက်တာပါ။ ဒီသီချင်းလေးကို လက်ရှိခေတ်ပုံစံလေး ရိုက်ထားတာမို့ လူကြီးတွေနဲ့ ပရိသတ်ကို တစ်မျိုးမမြင်စေချင်ပါဘူး။ သရုပ်ဆောင် အနုပညာ မောင်နှမတွေက မေတ္တာနဲ့ ရိုက်ကူးပေးကြပါတယ်"ဟု ကျော်ကျော်နန္ဒက ပြောပြသည်။

ဒါလေးများ တေးသီချင်း MV တွင် သရုပ်ဆောင် မိုးဒီ၊ ကျော်ကျော်နန္ဒ၊ ရှင်ဘုန်းပြည့်၊ ရဲပီတီ၊ ပြည့်ဖြိုးစံ၊ ရဲရင့်ထွန်း၊ ဦးကျော်၊ ဒေါ်စန်းစန်းဝင်း၊ ခက်ဝေမိုး၊ နန္ဒလင်း၊ မေလမင်း၊ ကျော်ကျော်အိန္ဒြာ၊ လူးမြတ်နိုးတို့က ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# ဟောလိဝုဒ်သပိတ်များပြီးဆုံးချိန်တွင် ဘရုစ်လီအတ္ထုပ္ပတ္တိဇာတ်ကား စတင်ရိုက်ကူးမည်

**နယူးယောက် စက်တင်ဘာ ၁၅**

ဟောလိဝုဒ်ရုပ်ရှင် သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများသပိတ်ပြီးဆုံးချိန်တွင် ဘရုစ်လီအတ္ထုပ္ပတ္တိဇာတ်ကား စတင်ရိုက်ကူးမည်ဖြစ်ကြောင်း ထုတ်လုပ်သူများက စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ) ဒါရိုက်တာ အန်းလီအနေဖြင့် ဘရုစ်လီရုပ်ရှင်ဇာတ်ကားကို ဟောလိဝုဒ်သပိတ်များ ပြီးဆုံးချိန်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း ထုတ်လုပ်သူ လောရင့်ဂရေးက အတည်ပြုခဲ့ပြီး ဘရုစ်လီရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်း ရေးသားမှုလုပ်ငန်း ပြီးဆုံးခဲ့ပြီးဖြစ်ရာ အဆိုပါဇာတ်ကားကို ရိုက်ကူးရေးအတွက် အသင့်အနေအထား ရှိနေပြီဖြစ်ကြောင်း လောရင့်ဂရေးက ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားတွင် ဘရုစ်လီနေရာ၌ ဒါရိုက်တာအန်းလီ၏သား မေဆင်လီက သရုပ်ဆောင်မည်ဖြစ်ပြီး အထင်ရှားဆုံး တရုတ်နွယ်ဖွား အမေရိကန်ရုပ်ရှင်သရုပ်ဆောင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဘရုစ်လီ၏ဘဝကို အခြေခံထားသော အဆိုပါဇာတ်ကား ရိုက်ကူးမည့်အစီအစဉ်ကို ပြီးခဲ့သည့်နှစ်ကပင် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**





# အဆိုတော် ရတနာမိုင်၏ အသစ်ထွက်ရှိထားသည့် မှားမိပြီ တေးသီချင်းကို အကောင်းဆုံးပုံဖော်က TikTok ဆော့နိုင်သူများကို ဆုများပေးအပ်ချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၅**

အဆိုတော် ရတနာမိုင်၏ အသစ်ထွက်ရှိထားသည့် မှားမိပြီ တေးသီချင်းကို အကောင်းဆုံးပုံဖော်က TikTok ဆော့နိုင်သူများကို ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း အဆိုတော် ရတနာမိုင်က ပြောပြ၍ သိရသည်။

အဆိုတော် ရတနာမိုင်၏ မှားမိပြီ တေးသီချင်း Music Video (MV) ကို တေးရေး Byad DA က ရေးစပ်ထားခြင်းဖြစ်ပြီး ဒါရိုက်တာ တိုးတက်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ သရုပ်ဆောင်များအဖြစ် တေးရေးတေးဆို ဝေကြီး၊ အဆိုတော် ရတနာမိုင်နှင့် သရုပ်ဆောင် မှုံနှံသာဝင်းမောင်တို့က သရုပ်ဆောင်ထားကြောင်း၊ Night Life တွင် ပျော်ရွှင်နေသူတစ်ယောက်ကို ချစ်မိလေသူတစ်ဦး၏ ချစ်ခဲ့မိသည့် အမှားများကို ရေးသားဖော်ကျူးထားသည့် တေးသီချင်းဖြစ်ကြောင်း သိရသည်။

"TikTok က မိုင်လေးချစ်ရတဲ့ ပရိသတ်တွေအတွက် အထူးအစီအစဉ်လေး လုပ်ပေးထားပါတယ်။ မိုင်လေး လက်ရှိအသစ်ထွက်ရှိထားတဲ့ မှားမိပြီ သီချင်း MTV



လေးထဲက ကြိုက်နှစ်သက်ရာအပိုဒ်လေးကိုယူပြီး ကိုယ်နှစ်သက်ရာပုံစံအတိုင်း TikTok ဆော့ပေးရမှာပါ။ မှားမိပြီ သီချင်းလေးကို TikTok ဆော့ပေးကြတဲ့ ချစ်ရသူတွေထဲကမှ မိုင်လေး အကြိုက်ဆုံး ဆော့ထားနိုင်သူကို ဆုချီးမြှင့်သွားမှာပါ"ဟု အဆိုတော် ရတနာမိုင်က ပြောပြသည်။

အဆိုပါ မှားမိပြီ တေးသီချင်းကို TikTok ဆော့ရာတွင် အဆိုတော် ရတနာမိုင် စိတ်ကြိုက်ပုံဖော်နိုင်သူကို အထူးဆုအနေဖြင့် ငွေကျပ် ၁၅၀၀၀၀၊ Viewer အများဆုံးရှိထားသူကို ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုကို ငွေကျပ် ၁၀၀၀၀၀၊ တတိယဆုကို ငွေကျပ် ၅၀၀၀၀ နှင့် နှစ်သိမ့်ဆု တစ်ဆုကိုလည်း ငွေကျပ် ၃၀၀၀၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်မှစတင်ကာ ၎င်းတေးသီချင်းဖြင့် Tik Tok ဆော့ကာ ယှဉ်ပြိုင်နိုင်ကြောင်း၊ ရွေးချယ်ခံရသူများကို စက်တင်ဘာ ၂၄ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Marsh King's Daughter ရုံတင်ရက် တစ်လနောက်ဆုတ်ထား

**နယူးယောက် စက်တင်ဘာ ၁၅**

The Marsh King's Daughter ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက တစ်လနောက်ဆုတ်ထားကြောင်း သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် မူလက The Marsh King's Daughter ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၆ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် အဆိုတော် တေလာဆွစ်၏ The Eras Tour ဂီတဖျော်ဖြေပွဲ ရုပ်ရှင်ကို ရှောင်ရှားရေးအတွက် The Marsh King's Daughter ဇာတ်ကားကို နိုဝင်ဘာ ၃ ရက်တွင် စတင်ရုံတင်မည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီက စက်တင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဇာတ်ကားသည် မိခင်ကို ပြန်ပေးဆွဲခဲ့သည့် အမျိုးသားတစ်ဦးကို လက်စားချေရန်ကြိုးစားခဲ့သော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်ပြီး The Marsh King's Daughter ဇာတ်ကားကို ဒါရိုက်တာ နီးဘာဂျာက တာဝန်ယူရိုက်ကူးပေးထားကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ဘင်မင်ဒဲလ်ဆန်၊ ဂါရတ်ဟက်လန်နှင့် မင်းသမီး ဒေစီရစ်ဒလေတို့ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

**Ref : Deadline**

**Trs : KKO**




# သနပ်ပင်မြို့နယ် ဖရဲခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖရဲခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ RBF စီမံကိန်းရန်ပုံငွေဖြင့် ဖရဲကျေးရွာရှိ ရွှေငါး ငါးစည်ဖောင်းခြောက်လုပ်ငန်းနှင့် ဆန်းသစ်ဆပ်ပြာထုတ်လုပ်ခြင်းလုပ်ငန်းအစုအဖွဲ့တို့က လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားရှိမှုရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖရဲခေတ်မီစံပြကျေးရွာရှိ အစုအဖွဲ့ငါးခုကို RBF စီမံကိန်းချေးငွေကျပ် သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ယခုဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Commander-in-Chief of Royal Thai Air Force Air Chief Marshal Alongkorn Vannarot



Senior General Min Aung Hlaing receives the delegation led by Commander-in-Chief of Royal Thai Air Force Air Chief Marshal Alongkorn Vannarot.

**Nay Pyi Taw September 15**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation led by Commander-in-Chief of the Royal Thai Air Force Air Chief Marshal Alongkorn Vannarot, that attended the 20th ASEAN Air Chiefs Conference (20th AACC) hosted by Myanmar, at the parlour of the Zeyarthiri Beikman in Nay Pyi Taw this morning.

Also present together with the Senior General were Lt-Gen Ye Win Oo of the Office of the Commander-in-Chief (Army), Commander-in-Chief (Air) General Tun Aung and Senior Tatmadaw Officers and the commander-in-chief of the Royal Thai Air Force was accompanied by senior officers of the Royal Thai Air Force and military attaché of the Royal Thai Air Force to Myanmar.

They cordially discussed strengthening friendship and cooperation between the two armed forces, cooperation between the Myanmar Tatmadaw (Air) and the Royal Thai Air Force, holding High Level Committee (HLC) meetings and Regional Border Committee (RBC) meetings between the two armed forces annually and strengthening friendship and goodwill visits between the two countries.

After the meeting, the Senior General and the commander-in-chief of the Royal Thai Air Force exchanged gifts and posed for documentary photographs together with the attendees. 100



Senior General Min Aung Hlaing exchanges gifts with Commander-in-Chief of Royal Thai Air Force Air Chief Marshal Alongkorn Vannarot.

# Locals plant over 39,000 acres of oil palm trees in four districts of Tanintharyi Region

**Dawei September 15**

More than 39,000 acres of oil palm farming are being cultivated in four districts of Tanintharyi Region from April to August in 2023-2024 FY, according to the reports of the Department of Agriculture released on September 13.

The water, soil and climate of Tanintharyi Region are in a condition where oil palm trees can grow successfully.

Oil palm farming in Myanmar can only be done in Tanintharyi Region alone.

Therefore, oil palm farming in Tanintharyi Region has been started for more than thirty years.

Currently, there are not only local investments in Tanintharyi Region, but also investments from overseas.

About 39 domestic and foreign companies and 40 private farms have planted 395,721 acres of oil palm trees in the region from April to August.

They are planted in Dawei, Myeik, Bokpyin and Kawthaung districts. At present, there are 183,321 acres that can be cultivated with oil palm, and the yield per acre is 2,074 tons in average.

336



Newly plucked oil palms.

# Spicy Shaukkaw to be exported as new item to China

**Myitkyina September 15**

Kachin State MSME Association stated that spicy Shaukkaw of Kachin State will be exported to China as a new export item.

Chinese uses Shaukkaw as a traditional medicine and in curries. So, the spicy of Kachin State is marketable in foreign countries.

"MSME businesspersons from Kachin State will join the 20th China-ASESAN Expo to be held in Nanning of China from 16 to 19 September to promote the marketing of Shaukkaw as a new export item. If so, local farmers will have increased income in export of such spicy to China," said CEC member U Tun Tun Naing of Kachin State MSME Association.

Shaukkaw plants are thriving in the swamp area as natural plants. People from Kachin State use it as a spicy for meals, having the domestic demand.

Currently, residents cultivate Shaukkaw plants on the hilly areas of Kachin State to produce some 15,000 tons per year, according to the Kachin State Agriculture Department. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local private businesspeople invited to contract to provide restaurant car services for express trains


Photo shows a running express train.

**Mandalay September 15**

Open tenders will be invited to local private entrepreneurs to contract to provide services for restaurant cars of two Yangon-Mandalay express trains, according to the Ministry of Transport and Communications.

Myanmar Railways under the ministry is operating two express trains (Nos. 3 and 4) on the Yangon-Mandalay railroad section. Those trains will provide meals and drinks for railway passengers in their restaurant cars.

Thus, open tenders will be invited to local businesspeople to engage in the contracted service. The contract period will be one year from 1 October 2023 to 1 September 2024.

Tender proposal forms with tender rules and disciplines will be available for K10,000 per form at the finance manager's office No.3 in Mandalay and the finance manager's office No.7 in Yangon from 13 to 26 September.

The tender opening session will take place at 1pm on 27 September on the first floor of Nay Pyi Taw Railway Station of MR. For further information, contact MR personally or dial 067-77048 or 77123.

336

# Myanmar ranks 48th among global honey exporters

**Nay Pyi Taw September 15**

Myanmar has ranked 48th among the countries selling honey, according to the Ministry of Commerce.

As honey gets more and more common in the international community, its market has expanded worldwide. Honey is also used in manufacturing high-quality products.

It is used in making various jams, jelly, cakes, pizzas and ice-creams as well as soft drinks, health-related products and medicines. It is also used to replace sugar for health purposes and as preservatives for foodstuffs. As a result, honey has a high demand in the global market.

There have been 179 countries selling honey including China, New Zealand, Argentina, India and Ukraine.

Among them, Myanmar ranks 48th accounting for 0.12 percent of the total honey exports. Myanmar exports its honey mostly to Japan, Thailand, the US, South Korea, Singapore and China (Taipei). Among them, Japan tops importing Myanmar's honey.



Bottles of Myanmar honey.

Myanmar exports 72 percent of its honey to Japan where a kilogram of honey is worth from US$11.2 to 17.5.

Honey exports to Japan increase year by year with an increase of 2.16 times in 2022. This year also, Japan has bought honey from Myanmar worth US$1.55 billion.

336

# Over US$27 million earned from exports of rice bean till August this fiscal

**Nay Pyi Taw September 15**

Myanmar had earned over US$27 million from exporting rice beans till August of the current 2023-2024 fiscal year, according to sources from the Ministry of Commerce.

Rice beans are usually in several colours such as red brawn, light khaki, and yellow brown. In the market, it is usually called red rice bean and yellow rice bean, and the former gets higher prices. Rice beans usually go with sticky rice. It goes abroad monthly.

From April to August this fiscal year, over 20 kinds of beans and pulses were exported. Rice bean is the fourth largest export item among the various beans and pulses.

The ministry's statistics show that rice beans worth over US$27.744 million were exported from April to August—US$9.004 million via maritime trade routes and US$18.740 million via border trade routes.

Rice beans are grown in Myanmar in August, September and October and harvested in April and May.

It is usually grown in Sagaing, Magway and Ayeyawady regions and Kayah and Shan (South) states. The price is up to K56,000 per basket in September this year.

336

# Apple to update iPhone 12 in France over radiation

**New York September 15**

Apple will update its iPhone 12 in France after fears about radiation, the country's digital minister says.

Jean-Noel Barrot said Apple would deliver a software update for users in the country in the coming days.

Sales of iPhone 12 were halted in France after a regulator detected too much electromagnetic radiation. Apple was told to fix the issue.

The firm said the new update would only apply to users in France, where it said a specific testing protocol existed.

The American tech giant suggested the radiation findings were a result of that testing regime, and that it was "not a safety concern".

The planned update raises questions over Apple's plans for iPhone 12, which was released just three years ago, in other countries.

Mr Barrot said that the radio frequency regulator (ANFR) would test the new update to check its compliance before iPhone 12 is allowed back on sale in the country.

The World Health Organization has previously sought to allay fears about radiation emitted by mobile phones.

It says on its website there is no evidence to conclude that exposure to low level electromagnetic fields is harmful to humans.

BBC

# Luis Rubiales in Spanish court over Women's World Cup kiss

**Madrid September 15**

Luis Rubiales has entered a Madrid court to answer a criminal complaint over kissing Spanish player Jenni Hermoso, days after resigning as head of Spain's football federation.

He said nothing as he walked into the national court to face accusations of sexual assault and coercion.

Mr Rubiales, 46, insists he had the footballer's consent as she celebrated Spain winning the Women's World Cup.

The court will decide whether the case goes to trial.

Spanish state prosecutors have formally lodged a criminal complaint against the former president of the football federation (RFEF), which will be heard by Judge Francisco de Jorge.

Spain won the Women's World Cup in Australia on 20 August, but the team's victory has been overshadowed ever since by Mr Rubiales's actions during the celebrations after the final whistle.

He has maintained that when he held her head in his hands and kissed her on the lips it was mutual and consensual. Mr Rubiales eventually resigned on Sunday as president of the federation, declaring: "I have faith in the truth and I will do everything in my power so that it prevails."

BBC


Luis Rubiales became president of Spain's football federation in May 2018.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## နော်ဝေနိုင်ငံက အမေရိကန်ဒေါ်လာ ၄၅ သန်းတန် ရေတပ်တိုက်ခိုက်ရေးဒုံးကျည်များကို Kongsberg ထံမှာယူခဲ့



နော်ဝေနိုင်ငံသည် ၎င်း၏ရေတပ်တွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၄၅ သန်းတန်ဖိုးရှိ ရေတပ်တိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missiles-NSM)များ ထပ်မံဝယ်ယူသွားရန် Kongsberg Defence&Aerospace ထံမှာယူခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၄၅ သန်းတန်ဖိုးရှိ အပိုဆောင်း NSM ဒုံးကျည်များဝယ်ယူမှုသဘောတူညီချက်အောက်တွင် Kongsberg Defence&Aerospace ကုမ္ပဏီအနေဖြင့် အရေအတွက် မည်မျှထုတ်လုပ်လွှဲပြောင်းပေးအပ်ရမည်ကိုမူ ဖော်ပြထားခြင်းမရှိသကဲ့သို့ စာချုပ်သက်တမ်းကိုလည်း မသိရှိရပေ။

Kongsberg Defence & Aerospace ကုမ္ပဏီအနေဖြင့် နော်ဝေနိုင်ငံကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီ FMA (Norwegian Defense Material Agency)နှင့် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပြီး နော်ဝေရေတပ်သို့ ရေတပ်တိုက်ခိုက်ရေးဒုံးကျည်များကို ဆက်လက်ပေးပို့နိုင်ရန် စီစဉ်နေကြောင်း Kongsberg ကာကွယ်ရေးနှင့် လေကြောင်းဆိုင်ရာဥက္ကဋ္ဌ Eirik Lie က ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံသည် ရေတပ်တိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missiles)များ ဝယ်ယူရေးနှင့်ပတ်သက်၍ အချိန်ကာလ နှစ်နှစ်အတွင်း တတိယအကြိမ်မြောက် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၆၉ သန်းတန်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၆၁ သန်းတန်ဖိုးရှိ ရေတပ်တိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missiles) များဝယ်ယူရန်စာချုပ်များ အသီးသီးချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်သည်။

နော်ဝေနိုင်ငံရေတပ်သည် ၂၀၁၂ခုနှစ်တွင် တစ်စင်းလျှင် အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ အဆိုပါ ရေတပ်တိုက်ခိုက်ရေးဒုံးကျည်များကို စတင်တပ်ဖြန့်အသုံးပြုလာခဲ့ကြသည်။ ထိုအချိန်ကတည်းက အမေရိကန်ရေတပ်အပါအဝင် နိုင်ငံတကာရေတပ်လေးခုထက်မနည်း ၎င်းဒုံးကျည်များ ဝယ်ယူအသုံးပြုခဲ့ကြသည်။

ပိုလန်နိုင်ငံသည် ဒုံးကျည်၏နောက်ဆုံးဖောက်သည်နိုင်ငံဖြစ်လာခဲ့ပြီး ပြီးခဲ့သည့်သီတင်းပတ်အတွင်းက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ ရေတပ်တိုက်ခိုက်ရေးဒုံးကျည်များကိုဝယ်ယူရန် အမှာစာပေးပို့ခဲ့ပြီးဖြစ်သည်။

အလေးချိန် ကီလိုဂရမ် ၄၀၀ ရှိသော ရေတပ်တိုက်ခိုက်ရေးဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၂၀၀ ရှိ ပစ်မှတ်တစ်ခုကို တိုက်ခိုက်နိုင်စွမ်းရှိပြီး NSM 1A ဗားရှင်းတွင်မူ ကီလိုမီတာ ၂၅၀ အကွာရှိ ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

ကီလိုဂရမ် ၁၂၀ အလေးချိန်ရှိသော ဒုံးကျည်ထိပ်ဖူးတပ်ဆင်အသုံးပြုထားပြီး အလျင်နှုန်း Mach 0.93 ဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ NSM ဒုံးကျည်သည် အခြားရေတပ်တိုက်ခိုက်ရေးဒုံးကျည်များထက် ပိုမိုပေါ့ပါးပြီး Airframe Design နှင့် Thrust-to-Weight Ratio အချိုးမြင့်မားကောင်းမွန်သည့်အတွက် လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားကြောင်း Eirik Lie ၏ ပြောကြားချက်အရ သိရသည်။

NSM ဒုံးကျည်တွင် လမ်းညွှန်ထိန်းကျောင်းမှုအနေဖြင့် Inertial၊ GPS နှင့် မြေမျက်နှာသွင်ပြင်ပေါ် မူတည်၍ လမ်းညွှန်ထိန်းကျောင်းရေးစနစ် Terrain-Reference Navigation တို့ အသုံးပြုထားသည်။

အခြားဝိသေသ လက္ခဏာများအနေဖြင့် ပစ်မှတ်ပုံရိပ်ဖော်ရာတွင် အဆုံးသတ်တိုက်ခိုက်ဖျက်ဆီးမှု Imaging Infrared System အနီအောက်ရောင်ခြည်သုံးပုံရိပ်ဖော်စနစ်နှင့် အလိုအလျောက် ပစ်မှတ်စိစစ်ခွဲခြားခြင်းအတွက် အာရုံခံကိရိယာတို့ ပါဝင်လာမည်ဖြစ်သည်။

**Norway Orders Additional Naval Strike Missiles in $45M Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကို စစ်လက်နက်ပစ္စည်းအကူအညီအတွက် ဒိန်းမတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၈၃၃ သန်း ပေးအပ်မည်

ဒိန်းမတ်နိုင်ငံသည် ယူကရိန်းကို စစ်လက်နက်ပစ္စည်းအကူအညီများဖြစ်သည့် လေကြောင်းရန်ကာကွယ်ရေးလက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် တင့်ကားများ ပံ့ပိုးရန်အတွက် အမေရိကန်ဒေါ်လာ ၈၃၃ သန်း ပေးအပ်သွားမည်ဟု ဒိန်းမတ် ကာကွယ်ရေးဝန်ကြီး Troels Lund Poulsen က စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

"ယူကရိန်းအနေနဲ့ ရုရှားရဲ့ တရားမဝင်ကျူးကျော်မှုကို ခုခံကာကွယ်နိုင်ဖို့၊ ဒိန်းမတ်လိုနိုင်ငံတွေဟာ သူတို့ရဲ့ စစ်ရေးနဲ့ စီးပွားရေးကို ထိန်းသိမ်းထားဖို့ အရေးကြီးပါတယ်" ဟု ဒိန်းမတ်ကာကွယ်ရေးဝန်ကြီး Troels Lund Poulsen က ပြောကြားခဲ့သည်။

ယခုကြေညာချက်မတိုင်မီ ယူကရိန်းနိုင်ငံကိုပေးအပ်ရန် ကတိပြုထားသည့် ဒိန်းမတ်နိုင်ငံ၏ စုစုပေါင်းအကူအညီသည် ခရိုနာ ၁၃ ဒသမ ၆ ဘီလီယံ ဖြစ်သည်။

"ဒီနေ့ထိ ဒိန်းမတ်နိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာ အကြီးမားဆုံးပံ့ပိုးကူညီမှုပေးအပ်သွားနိုင်ဖို့ ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံက ယူကရိန်းကို ပံ့ပိုးပေးအပ်မှုများသည် ၁၂ ကြိမ်မြောက်ဖြစ်ပြီး တင့်ကားများ၊ မော်တော်ယာဉ်များ၊ တင့်ကားသုံး ခဲယမ်းမီးကျောက်များနှင့် လေယာဉ်ပစ်စက် အမြောက်သေနတ်များ ပါဝင်မည်ဖြစ်သည်။

ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့က ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ လွှဲပြောင်းပေးမှုကို အမေရိကန်က အတည်ပြုခဲ့ပြီးနောက် ယူကရိန်းသမ္မတ ဇီလန်စကီးသည် လေယာဉ်များကို စစ်ဆေးကြည့်ရှုရန် ဒိန်းမတ်နိုင်ငံသို့ မကြာသေးမီက အလည်အပတ် သွားရောက်ခဲ့ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံသည် ယူကရိန်းကို F-16 တိုက်လေယာဉ် ၁၉ စင်း ပေးအပ်သွားရန် ယခုနှစ် ဩဂုတ် ၂၀ ရက်က ကတိပြုခဲ့သည်။ ဒိန်းမတ်နိုင်ငံသည် ယခုနှစ်အတွင်း ယူကရိန်းအတွက် စစ်ရေး၊ အရပ်ဘက်နှင့် စီးပွားရေးအကူအညီများ ပေးအပ်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံ ရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့သည်။ ထို့ပြင် ယူကရိန်းအတွက် စစ်ဘက်အကူအညီပေးရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ထပ်ဆောင်းထည့်ဝင်သွားမည်ဟု ယခုနှစ် မေ ၂၉ ရက်တွင် ထပ်မံကတိပြုခဲ့သည်။



**Denmark to Give Ukraine $833M for Military Gear ကို ဘာသာပြန်ဆိုထားပါသည်။**

## ကရိုင်းမီးယားကျွန်းဆွယ်တွင် ဝင်ရောက်လာသောဒရုန်းများကိုပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်



ရုရှားစစ်ဘက်သည် ကရိုင်းမီးယားကျွန်းဆွယ်တွင် ဝင်ရောက်တိုက်ခိုက်လာသည့် ယူကရိန်းတို့၏ ဒရုန်းအများအပြားကို ပစ်ချဖျက်ဆီးနိုင်ခဲ့ပြီး ဒရုန်း ၁၁ စင်းထက်မနည်း ရုရှား၏လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"စက်တင်ဘာ ၁၄ ရက် ရုရှားစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၃၀ ခန့်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကရိုင်းမီးယားကျွန်းဆွယ် လေပိုင်နက်ပေါ်တွင် လေယာဉ်ပုံစံ ဒရုန်းအမျိုးအစား (Aircraft-Type UAVs)များကိုအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်ရန် ယူကရိန်းအစိုးရ၏ ကြိုးပမ်းမှုမှာ ပျက်ပြားသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၄ ရက်တွင် Telegram ၌ ဖော်ပြခဲ့သည်။

ကရိုင်းမီးယားကျွန်းဆွယ်လေပိုင်နက်တွင် ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ဒရုန်း ၁၁ စင်းကိုဖျက်ဆီးပစ်ခဲ့သည်ဟု ရုရှားစစ်ဘက်က ပြောကြားခဲ့သည်။

ဒရုန်းများကို မည်သည့်နေရာတွင် ကြားဖြတ်ပစ်ချဖျက်ဆီးခဲ့သည်ကို ချက်ချင်းမသိရသေးသော်လည်း မျက်မြင်သက်သေအချို့၏ ပြောကြားချက်အရ ဆိုရှယ်မီဒီယာတွင် ပေါက်ကွဲသံများနှင့် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များထံမှ တုံ့ပြန်ပစ်ခတ်သံများ ကရိုင်းမီးယားကျွန်းဆွယ် Evpatoria မြို့အနီးတစ်ဝိုက်တွင် ကြားနေရသည်ဟု သိရသည်။

**Multiple drones intercepted over Crimea – MOD ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၁၅၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၁၅၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၈၈၄၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယနေ့ထိ ပဲစင်းငုံ ၉၁၅၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ ပဲစင်းငုံဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိထိ ၉၁၅၈၆ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ ပဲစင်းငုံ စိုက်ပျိုးမှုကတော့ လက်ရှိလျာထားဧကထက် ပိုစိုက်နိုင်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် ပဲစင်းငုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၂၁၈၀၊ ကနီမြို့နယ်တွင် ၃၁၂၂၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၃၈၃ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက၂၂၈၀၀ စုစုပေါင်း ၉၁၅၈၆ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၀၃၀၀၊ ကနီမြို့နယ်တွင် ဧက ၃၀၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၅၃၉၀ နှင့် ပုလဲမြို့နယ်တွင် ၂၂၀၀၇ ဧက စုစုပေါင်း ၈၈၄၉၇ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၊ အပင်ဖြစ်ထွန်းမှု ကောင်းကြောင်း သိရသည်။

(၂၀၆)

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာ၌ Smart Village စီမံကိန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ (၈) ကျေးရွာတွင် Smart Village စီမံကိန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် Smart Village စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် မော်ဖောင်းနယ်မြေ(၈)ကျေးရွာတွင် ကျေးရွာကွန်ကရစ်လမ်း၊ သဲကျောက်လမ်းခင်းခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ စာကြည့်တိုက်တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။



မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၈)ကျေးရွာတွင် Smart Village စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးရွာကွန်ကရစ်လမ်း အရှည် ပေ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မကို ငွေကျပ် ၁၆၁ ဒသမ ၆ သန်းဖြင့် ဇွန် ၁၆ ရက်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ သဲကျောက်လမ်း အရှည် ပေ ၃၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မကို ငွေကျပ် ၁၂၀ ဒသမ ၃ သန်းဖြင့် ဧပြီ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းကို ငွေကျပ် ၇၆ ဒသမ ၈ သန်းဖြင့် ဇွန်၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်ကို ငွေကျပ် ၃၆ ဒသမ ၂၅ သန်းဖြင့် ဇွန် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးကောင်းကျေးရွာ၌ ကျေးလက်စီးပွားရန်ပုံငွေမြှင့်မားရေးထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးလက်စီးပွားရန်ပုံငွေမြှင့်မားရေးထူထောင်ခြင်း စီမံကိန်း ပထမအကြိမ်အဖြစ် အောင်လံမြို့နယ် မိုးကောင်းကျေးရွာရှိ တစ်နှစ်သား ဒေသန္တရမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်မည့်သူ အဖွဲ့ဝင် ၁၅ ဦးပါ အစုအဖွဲ့ သုံးဖွဲ့နှင့် အဖွဲ့ဝင်ခုနစ်ဦးပါ အစုအဖွဲ့ တစ်ဖွဲ့တို့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြူလေး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၅၆၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ




**ဟားခါး စက်တင်ဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်သည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမှာစကားပြောကြားပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများကို ဌာနဆိုင်ရာများကဦးဆောင်၍ ပြည်သူများ၏ ပူးပေါင်းမှုဖြင့် အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိဌာနအလိုက် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းရာသီသီးနှံမျိုးစေ့များနှင့် ပုလဲဓာတ်မြေဩဇာတို့ကို တောင်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က မြို့မိမြို့ဖများအတွက် အမှတ်တရလက်ဆောင်ပေးအပ်ရာ မြို့မိမြို့ဖဦးအုပ်နောလ်ကလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် အမှတ်တရလက်ဆောင်ပေးအပ်ရာ ဦးသျှန်ခွန်မောင်းကလည်းကောင်း၊ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုးက လူမှုရေးအသင်းအဖွဲ့များအတွက် အမှတ်တရလက်ဆောင်ပေးအပ်ရာ ဒေါ်တင်တင်ကလည်းကောင်း လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်လုံမြို့နေ ဒေသခံပြည်သူများအတွက် ၂၄ နာရီအပြည့် လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်

**ပန်လုံ စက်တင်ဘာ ၁၅**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်လုံမြို့တွင် ၁၀ ဒသမ ၅ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပန်လုံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ "ဝ" တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ပန်လုံမြို့၌ ၁၉၉၅ ခုနှစ်တွင် ဒီဇယ်မီးစက်ဖြင့် အချိန်ပိုင်းသာ လျှပ်စစ်မီးပေးနိုင်ပါကြောင်း၊ ယခုအခါတွင် အချိန်ပြည့် လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပန်လုံမြို့နေ ဒေသခံပြည်သူများအတွက် ၂၄ နာရီအပြည့် လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်က ပန်လုံမြို့အား ၂၄ နာရီအချိန်ပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် ၁၀ ဒသမ ၅ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၂ မိုင် ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပန်လုံမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်နိုင်ဦးက လျှပ်စစ်မီးရယူသုံးစွဲခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားလိုင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က ဓာတ်အားလိုင်းကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က "ဝ" တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့နှင့် ကိုးကန့်စာပေယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ဒုတိယတိုင်းမှူးတို့က ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟိုပန်မြို့နယ် ပန်လုံမြို့တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်ရွက်မည့် သောက်သုံးရေရရှိရေး ရေစုကန် အမှတ်(၁) ဆောင်ရွက်မည့်နေရာကိုလည်းကောင်း၊ ပန်လုံမြို့ရှိ ပန်လုံဟော်နန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး ပန်လုံပြည်သူ့ဆေးရုံသို့ သွား ရောက်ကာ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က ပန်လုံဆေးရုံအတွက် ချီးမြှင့်ငွေပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်ရှိ ခိုင်ဝေဖြိုးကုမ္ပဏီလီမိတက်၏ တီရှပ်အစာထုတ်လုပ်စက်ရုံကို သွားရောက်ကြည့်ရှုသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံတိုင်းရင်းသားပြည်သူများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဟိုပန်ပြည်သူ့ဆေးရုံအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်အဖွဲ့သည် ဟိုပန်မြို့ မြသိန်းတန် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဟိုပန်မြို့ပေါ်ရှိ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ရှိ "ဝ"၊ ရှမ်း၊ ကိုးကန့်၊ ကချင်၊ လားဟူ၊ လီဆူ၊ မြောင်ဇီး၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် ဟိုပန်မြို့ MSMEs ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် လားရှိုးခရိုင် ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးတံတား (ကွမ်းလုံ)တံတားသစ်နှင့် နမ့်ဟူး(ကွမ်းလုံ)-ဟိုပန်-မိုင်းမောလမ်းပေါ်ရှိ နမ့်တိန်းတံတား(တံတားအမှတ် ၁/၁) ၄၈၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများ၊ အမျိုးသား အိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ အအေးပေးစက်ဆိုင်ရာ စက်မှုနည်းပညာရှင်များအသင်းမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် စက်မှုလက်မှုသိပ္ပံမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်မှာ **"ရာသီဥတုပြောင်းလဲမှုလျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး"**ဖြစ်ကြောင်း၊ မှန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့ဖြစ်သော ဟိုက်ဒရိုဖလူရိုကာဗွန်- HFC သုံး အအေးပေးဖြစ်ပစ္စည်းသုံးစွဲမှုကို လျှော့ချခြင်းဖြင့် အိုဇုန်းလွှာကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးမှု၏ အကျိုးဆက်များဖြစ်သည့် လူသားများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် ထပ်တိုးပြင်ဆင်ချက် လေးခုတို့တွင် အဖွဲ့ဝင်အဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာလှုပ်ရှားမှုများတွင် နိုင်ငံတကာနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရှိကြောင်း၊ ဟိုက်ဒရိုဖလူရိုကာဗွန်- HFC လျှော့ချနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်မှစတင်၍ HFC သုံးစွဲမှုကို ထိန်းချုပ်ကန့်သတ်ကာ ၂၀၄၅ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းထိ လျှော့ချသွားမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီး၏အပူချိန်ကို လျှော့ချနိုင်ရန်နှင့် အိုဇုန်းလွှာထိခိုက်မှုလျော့ကျစေရန်အတွက် စွမ်းအင်သုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းစေသော အအေးပေးဖြစ်ပစ္စည်းများကိုသာ တင်သွင်းဖြန့်ဖြူးအသုံးပြုသွားရန်အရေးကြီးကြောင်း၊ ကမ္ဘာကြီးပူနွေးစေမည့် အလားအလာမြင့်မားသော ဖြစ်ပစ္စည်းများ လျှော့ချသုံးစွဲရေးအတွက် ပြည်သူလူထုကို အသိပညာပေးခြင်းနှင့် အိုဇုန်းလွှာ၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော နည်းပညာမြှင့်တင်ရေးသင်တန်းများနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်းလုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ သုတေသနပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏သဝဏ်လွှာ ဗီဒီယိုနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယိုတို့ကိုပြသပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်ပိုစတာများပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ မန္တလာတက္ကသိုလ်တွင် ကျင်းပ





**မန္တလေး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ် ဘွဲ့နှင်းခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံတော်က လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာရေး ကဏ္ဍများအလိုက် အလေးထားဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ ဦးကျော်ကျော်လှိုင်က ဗလငါးတန် ခေါင်းစဉ်ဖြင့် လူငယ်များကို အသိပညာပေးဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာရေးဆရာ ဦးကျော်ကျော်လှိုင်ကို အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မန္တလာတက္ကသိုလ် ပါမောက္ခချုပ်ထံ အားကစား ပစ္စည်းများကိုလည်းကောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(20th AACC)သို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (20th AACC)သို့ တက်ရောက်ခဲ့သောနိုင်ငံများအနက် လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen. Khamlek Sengphachan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Lt. Gen. Nguyen Van Hien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် စက်တင်ဘာ ၁၄ ရက် နေ့လယ်ပိုင်းတွင် လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen. (U) Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Soeung Samnang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း နေပြည်တော်လေဆိပ်မှ သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာခဲ့ရာ တပ်မတော်(လေ)မှ အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အကြိမ်(၂၀)မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th AACC)သို့ တက်ရောက်ခဲ့သော အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များကို တပ်မတော်(လေ)မှ အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

☆ ကျောဖုံးမှအဆက်

ပို့ဆောင်နိုင်မည်ဖြစ်သည်။ ခရီးစဉ်များအဖြစ် ရန်ကုန်မြို့မှအခြေပြု၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိမြို့များနှင့် ကွာလာလမ်ပူ၊ စင်ကာပူ၊ ဟောင်ကောင်၊ အိန္ဒိယနိုင်ငံတို့သို့ ပြေးဆွဲသွားရန်စီစဉ်ထားရှိသည်။

ယနေ့သည် မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အနေဖြင့် Boeing 737-400 လေယာဉ်အမှတ် 9M-POS (Flight No.3G087) Cargo လေယာဉ်ကို ရန်ကုန်မြို့သို့စတင်သယ်ဆောင်လာခြင်းဖြစ်ပြီး ထိုလေယာဉ်ဖြင့် မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်သည့်ခရီးစဉ်များကို ပိုမိုချဲ့ထွင်ပျံသန်းပို့ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။**

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၂-၂၀၂၃ ခုနှစ်အကြိမ် (၃၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအကြိမ် (၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၄ သင်း၊ အားကစားသမား ၁၅၄ ဦးတို့ဖြင့် စက်တင် ဘာ ၂၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၆၂ /၂၀၂၃)**
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် )

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒီဇင်ဘာအိမ်ရာ ချယ်ရီ(၁)လမ်း အခန်းအမှတ်(၃၀၂) တိုက်အမှတ် (၁၁၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၇) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရောက်ရှိနေသော နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌ အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၉၁၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၇၅ ဦး၊ ခွဲစိတ်ရောဂါ ၆၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါဦးရေ ၁၅၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၂ ဦး၊ မျက်စိရောဂါ ၁၉၈ ဦးနှင့် သွားရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ ၁၂ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၄ ဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၁၃၀တို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံရန်လိုအပ်သူ ၆၃ ဦးကို ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းနောက် မျက်စိခွဲစိတ်ကုသမှု ခံယူထားသည့် ဒေသခံပြည်သူများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ထံသို့လာရောက် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံစေတနာရှင် ပြည်သူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးသည်။

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ် -



**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

"တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့ကနေ ဆေးကုပေးနေတဲ့အကြောင်း ရပ်ကွက်အတွင်း လူတွေသွားရောက်ကုသနေတာသိတဲ့အတွက် ကျွန်တော်လည်း လာရောက်ပြသခြင်းဖြစ်ပါတယ်။ အားရကျေနပ်ပါတယ်။ ဝမ်းလည်းသာပါတယ်။ကျွန်တော့်



အတွက်လည်း အများကြီးအကျိုးကျေးဇူးရှိပါတယ်။ အဲလိုဖြစ်တဲ့အတွက် ဒီမှာကျတော့လည်း ကျွန်တော်လိုရောဂါသည်တွေအများကြီးလာရောက်ကုသနေတာ တွေ့တဲ့အတွက် ကိုယ်လည်းအားတက်သွားပါတယ်။ အခုလို လုပ်ကိုင်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကို ကျွန်တော်တို့ လိုလေသေးမရှိ ဆေးကုသခွင့်ရအောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆေးကုသပေးတဲ့ ဆရာဝန်ကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ကျွန်တော်တို့ လိုလေသေးမရှိ လိုအပ်တာကိုဖြည့်ဆည်းပေးတဲ့ မြို့နယ်အတွင်းမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့အကူအညီကြောင့် ဘာမှအခက်အခဲမရှိ တစ်နေရာက တစ်နေရာကိုသွားရောက်လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ အဆင်ပြေပါတယ်။ အားလုံး အလွန်ကောင်းတဲ့လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ ဒီထက်တိုးချဲ့ပြီးတော့ ရပ်ကွက်အတွင်းမှာ မြို့နယ်တွေအတွင်းမှာ လှည့်လည်ပြီးတော့ ဆေးကုသပေးနိုင်မယ်ဆိုရင် ပြည်သူတွေအတွက် အများကြီးအကျိုးရှိမယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။"

"မျက်စိလည်းကြည်လည်းကြည်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အမြဲတမ်းလည်း ဆုတောင်းပေးမယ်။မျက်စိခွဲတာ တစ်ဖက်က ခွဲပြီးသား။ ကျန်တစ်ဖက်က မမြင်ရလို့ လုံးဝကို မမြင်ရသလောက်ပါပဲ။ အရိပ်အယောင်လောက်ပဲမြင်ရတယ်။ အဲဒါ



ကြောင့် ဒီကိုလာခွဲလိုက်တာ။ အခုတော့ ကြည်လင်သွားပြီ။ ကောင်းသွားပြီ။ ကျေးဇူးတအားတင်ပါတယ်။ နောင်နှစ်လည်းလာခဲ့ကြပါအုံး။ အဲဒီကျလည်းလာပြပါအုံးမယ်။"

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့်ရောင်းချပေးမှု အပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧက်တင်ဘာ ၁၅**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေခံတပ်ရင်းရှိ (ဖရီးရှန်)နို့စားနွား မွေးမြူထားရှိမှု၊ ဆိတ်မွေးမြူထားရှိမှု၊ DYL အသားတိုးဝက်မွေးမြူထားရှိမှု၊ ငါးဆေးထိုးသားဖောက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားမှု၊ တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးရေးလုပ်ငန်း၊ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်း၊ နေပီယာမြက်စိုက်ပျိုးရေးလုပ်ငန်းနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲများကျင်းပ

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင် သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။



**နေပြည်တော် ဧက်တင်ဘာ ၁၅**

နေပြည်တော် တိုင်းစစ်ဌာနချုပ် ၂၀၂၃ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံ သင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံဘောလုံးကို ပစ္စတိုသေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အမျိုးသား၊ အမျိုးသမီး ပစ္စတိုထိလဲပြား ပစ်ခတ်စဉ်သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကာ သရုပ်ပြပစ်ခတ်ခဲ့သည့် ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၂၉ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်သည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကွင်းကောက်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပူဖောင်းများကို ပစ္စတိုသေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသမီး ပစ္စတို ထိလဲပစ်ခတ်စဉ် စွမ်းရည်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၂၂ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဧက်တင်ဘာ ၁၅**

မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌပြည်နယ်လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲကျင်းပမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆုရရှိသည့် ပြိုင်ပွဲဝင်များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေတင်ဆက်ကြသူများကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ကာ ဗဟိုအဆင့်သို့သွားရောက်ယှဉ်ပြိုင်မည့် အသင်းခေါင်းဆောင်ကို အောင်နိုင်ရေး အလံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း မွန်ပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ အထက်တန်းကျောင်း၊ ကျောင်းခွဲများ၊ မြို့နယ်များနှင့် မင်္ဂလသုတ်ရေးဖြေပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း ဆုရရှိသူများကို ဆုချီးမြှင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများ၊ အထက်တန်းကျောင်း၊ ကျောင်းခွဲများ၊ မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မင်္ဂလသုတ်ရေးဖြေပြိုင်ပွဲတွင် အထက်တန်း၊အလယ်တန်း ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသော ကျောင်းများနှင့် မြို့နယ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာရည်ထူးချွန် လူရည်မွန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် တိုင်းဒေသကြီးအဆင့် သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲများတွင် အမှတ်အများဆုံးဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ အောင်ချက်အကောင်းဆုံး မြို့နယ်များ၊ အောင်ချက်အကောင်းဆုံး အထက်တန်းကျောင်းများ၊ အထက်တန်းကျောင်းခွဲများ၊ တက္ကသိုလ်စာမေးပွဲအောင်မြင်သူများ အနက် ခြောက်ဘာသာဂုဏ်ထူးရှင်များ၊ ငါးဘာသာဂုဏ်ထူးရှင်များ၊ လေးဘာသာဂုဏ်ထူးရှင်များ၊ သုံးဘာသာဂုဏ်ထူးရှင်များ၊ နှစ်ဘာသာဂုဏ်ထူးရှင်များ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် မင်္ဂလသုတ်ရေးဖြေပြိုင်ပွဲတွင် အထက်တန်း၊အလယ်တန်း ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက ဇာတိမာန်သီချင်းကိုသီဆို၍ ဆုချီးမြှင့်ပွဲအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် တောင်ကုတ်မြို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့သို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် Ultrasound ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် စာသင်ခန်းနှင့် စာသင်ကျောင်းဝင်း အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ အမ်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ကုတ်မြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို နယ်မြေခံ ဆေးကုသရေးအဖွဲ့များက အဆိုပါကျောင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာ တပ်နယ်အလိုက် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း မိုင်းခတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thae Wai Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ချမ်းသာရပ်ကွက်နေ သဲဝေလွင်(ခ) သဲသဲကို ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Mai Soe Sandar Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ချမ်းသာရပ်ကွက်နေ မိုင်စိုးစန္ဒာထွန်းကို ညနေ ၅ နာရီတွင်လည်းကောင်း မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ခင်ဆွေဦး၏ တို့တိုင်းဌာနီ

**ပုသိမ်အောင်သန်းဦး**

အမျိုးသားကျောင်းဆရာကြီး ဦးဘကျော်နှင့် ဒေါ်နှင်းတို့တွင် သားသမီးသုံးယောက်ရှိသည်။ သူရ၊ ရန်နောင်နှင့် ထွေးတို့ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ၁၉၃၉ ကာလတွင် အကြီး သူရမှာ အသက် ၁၉ နှစ်၊ အလတ် ရန်နောင်မှာ အသက် ၁၆ နှစ်၊ အငယ်ဆုံး ထွေးမှာ အသက် ၁၁ နှစ်အရွယ်ရှိနေခဲ့ကြပြီ။

ဖခင် ဦးဘကျော်မှာ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူဖြစ်ရကား သားကြီး သူရမှာလည်း ဖခင်၏အရိပ်အာဝါသတွင် ကြီးပြင်းခဲ့ရသူဖြစ်သည့်အားလျော်စွာ ငယ်စဉ်ကပင် မျိုးချစ်စိတ်ဓာတ်ရှိသူဖြစ်လေသည်။ ထိုနည်းတူ ရန်နောင်နှင့် ညီမ ထွေး တို့မှာလည်း ဖခင်၏ သွေးများပီပီ မျိုးချစ်သူများသာဖြစ်သည်။

ထွေးနှင့် ညီမဝမ်းကွဲတော်သူ မိသည် နိုင်ငံခြားသာသနာပြုကျောင်းတွင် နေခဲ့သူမို့ တိုင်းရေးပြည်ရေး နိုင်ငံရေးနှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ကောင်းစွာနားမလည်မသိပေ၊ ထွေးနှင့် မိ တို့မှာ ခြံချင်းကပ်နေသည့်အပြင် ညီမဝမ်းကွဲတော်စပ်သူများမို့ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ရှိကြကာ ခင်မင်ရင်းနှီးခဲ့ကြသည်။ ထို့အတူ သူရ၊ ရန်နောင်တို့နှင့်လည်း မိမှာ ရင်းနှီးချစ်ခင်ခဲ့ကြသည်။ အထူးသဖြင့် သူရနှင့် မိ တို့မှာ ပို၍ခင်မင်ကြလေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများ ထူးခြားလာသည်နှင့်အမျှ သူရသည် မျိုးချစ်လူငယ်များနှင့် သွားလာလှုပ်ရှားဆွေးနွေးနေရာမှ ၁၉၄၁ ခုနှစ် ဧပြီ ၇ ရက်တွင် ကိုသူရသည် မြန်မာနိုင်ငံလွတ်လပ်ရေးလှုပ်ရှားမှုများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန်အတွက် အိမ်ပေါ်မှ ဆင်းသွားလေသည်။ မိခင်ကြီးနှင့် သမီးငယ် ထွေး အပြင် မိ မှာလည်း ဝမ်းနည်းပူဆွေးခဲ့ရသည်။

ရဲဘော်သုံးကျိပ်ဝင်များ ဂျပန်နိုင်ငံသို့ ခြောက်သုတ်ခွဲ၍ စစ်ပညာသင်ရန် လျှို့ဝှက်ထွက်ခွာသွားရာတွင် ကိုသူရသည် တတိယအသုတ်၌ ပါဝင်ခဲ့သည်။ သူတို့အဖွဲ့သည် ကီရီမာရုအမည်ရှိ ဂျပန်သင်္ဘောဖြင့် ၁၉၄၁ ခုနှစ် ဧပြီ ၁၃ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာကာ ဂျပန်ဟေနန်ကျွန်း စစ်ပညာသင်ကြားကြရသည်။ သင်တန်းပြီးသောအခါ ဆိုင်ဂွန်းမြို့သို့ သွားကြရသည်။ ရှမ်း၊ ဗမာလူငယ်များကို စုဆောင်းကာ ကိုယ့်အဖွဲ့နှင့်ကိုယ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့သွားကြရသည်။ ဗန်ကောက်မြို့တွင် တပ်သားသစ်များ ထပ်မံစုဆောင်းပြီး စစ်သင်တန်းများပေးသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တည်ထောင်ကာ စစ်ကြောင်းကြီး ငါးကြောင်းခွဲပြီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ခဲ့ကြသည်။ ကိုသူရမှာ ဗိုလ်ကျော်ဇော ဦးစီးသော ဖာပွန်စစ်ကြောင်းတွင် ပါဝင်ရသည်။ ၁၉၄၂ ခုနှစ် မတ် ၈ ရက်တွင် ရန်ကုန်မြို့ကို သိမ်းပိုက်ရရှိသည်။

ကိုသူရသည် မိနှင့်ပြန်တွေ့ကြသည်။ မိ၏ဖခင် ကွယ်လွန်သွားသဖြင့် မိ တို့သားအမိသည် ထွေး တို့နှင့်အတူ လာရောက်နေထိုင်လျက်ရှိသည်။ ကိုရန်နောင်သည် ကိုသူရ၏စီစဉ်ပေးချက်အရ ဗမာ့ကာကွယ်ရေးတပ်မတော်ပြန်လည်ဖွဲ့စည်းသောအခါ တပ်မတော်ထဲသို့ ဝင်ရောက်ခဲ့သည်။

ကိုသူရမှာ ရန်ကုန်တွင် ကြာကြာမနေရ ရခိုင်သို့ ချီတက်ခဲ့ရသည်။ ရခိုင်မှတစ်ဖန် ပျဉ်းမနားသို့ ပြန်ရောက်သည်။ ကိုရန်နောင်မှာ ပျဉ်းမနားတွင် ပြန်လည်ဖွဲ့စည်းသည့်တပ်ရင်း(၄)သို့ရောက်လာသည်။ ထို့နောက် ကိုရန်နောင် ဟုမ္မလင်းသို့ရောက်ပြီး ကိုသူရ ပဲခူးသို့ရောက်လာသည်။

**❖ တို့တိုင်းဌာနီဝတ္ထုသည် ဆရာမ ခင်ဆွေဦး၏ ပထမဆုံးဝတ္ထုရှည် ဖြစ်သကဲ့သို့ ဆရာမ၏ အကောင်းဆုံးဝတ္ထုရှည်လည်း ဖြစ်ပေသည်။ တို့တိုင်းဌာနီဝတ္ထုသည် သာမန်အချစ်ဝတ္ထုတစ်ပုဒ်မဟုတ်ဘဲ အမျိုးသား လွတ်လပ်ရေးသမိုင်းကြောင်းကို နောက်ခံပြုကာ ရေးသားထားသည့်ဝတ္ထု ရှည်ဖြစ်သည်။ ဤဝတ္ထုရှည်ကိုရေးနိုင်ရန် ခင်ဆွေဦးသည် သမိုင်းမှတ်တမ်း အထောက်အထားများကို ရှာဖွေလေ့လာသုတေသနပြုရုံသာမက ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ကျော်ဇောနှင့်တွေ့ဆုံကာ မေးမြန်းမှတ်သားခဲ့ကြောင်း သိရသည်။ ❖**

ကိုသူရသည် အထူးစုံပြတ်ရင်းတွင် ဗိုလ်မှူး ဖြစ်လာသည်။ ရဲဘော်များ၏ ချစ်ခင်ခြင်းခံရသည်။ တစ်နေ့တွင် ကိုသူရ ဖျားသဖြင့် အိမ်သို့ပြန်လာရာ မိ က ပြုစုပေးသည်။ ကိုရန်နောင်သည် ဟုမ္မလင်းမှ ပဲခူးသို့ပြောင်းလာရာ ထွေး နှင့် မိ တို့က ဝမ်းမြောက်စွာ ကြိုဆိုကြသည်။ ဤအချိန်တွင် ရန်နောင်မှာ ဗိုလ်ကြီးဖြစ်နေပေပြီ။ ရန်နောင်သည် မိ ၏အလှကိုမြင်တွေ့ရာမှ စွဲလမ်းမိတော့သည်။

၁၉၄၅ ခုနှစ် မတ် ၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအိမ်၌ စည်းဝေးသည့် ဂျပန်တော်လှန်ရေး အစည်းအဝေးသို့ အခြားဗိုလ်မှူးကြီးများနှင့်အတူ ဗိုလ်မှူး သူရလည်း တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဂျပန်များကို တော်လှန်ခဲ့ကြသည်။ ဗိုလ်မှူးသူရတို့ စစ်မထွက်မီ မိ က သူနာမည်ရေးထိုးထားသော လက်ကိုင်ပဝါလေးကို ဗိုလ်မှူးသူရကို ပေးလိုက်သည်။

စစ်ပြီးသွားသောအခါ မိသားစုများ ပဲခူးမှ ရန်ကုန်သို့ပြန်ပြောင်းခဲ့ကြသည်။ မိုးသည်းသည်းရွာနေသော နေ့တစ်နေ့တွင် မိ ဝရန်တာ၌ရှိနေစဉ် ကိုရန်နောင် ရောက်လာသည်။ မိ ကို ဖက်လဲတကင်း နှုတ်ဆက်သည်။ နောက်တစ်နေ့ ကိုသူရ ပြန်ရောက်လာသည်။

ကိုသူရသည် ဖခင်ဦးဘကျော်နှင့်အတူ အင်္ဂလိပ်တို့ ယုတ်မာပုံများ ဆွေးနွေးကြသည်။ အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးကို အရယူရန် တိုင်ပင်ကြသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ကိုသူရနှင့် ကိုရန်နောင်တို့ တပ်မတော်တွင် ဆက်လက်အမှုထမ်းကြသည်။

၁၉၄၉ ခုနှစ်တွင် မိ ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ထွေး မှာ စာမေးပွဲကျသဖြင့် မိနှင့်အတူ တက္ကသိုလ်မတက်နိုင်။ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းသောင်းကျန်းမှုများ ပြင်းထန်လာသည်။ ရန်ကုန်တစ်ခွင်တွင်ပင် မအေးချမ်း။ အင်းစိန်တွင် တိုက်ပွဲများ ဖြစ်နေသည်။ ထိုအချိန် ကိုရန်နောင် မိ ရှိရာ တက္ကသိုလ်သို့ လိုက်လာပြီးခေါ်သည်။ ကိုသူရ ဒဏ်ရာရကာ ဆေးရုံတက်ရသည်။

သီတင်းကျွတ်တွင် ကိုရန်နောင် ခွင့်ရက်ရှည်ယူပြီး အိမ်သို့ပြန်လာသည်။ မိ ကို တွေ့သောအခါ မိ ကို ချစ်နေမိကြောင်း ထုတ်ပြောသည်။ မိ က အစ်ကိုရင်း သဖွယ်သာ သဘောထားနိုင်ကြောင်း ပြောသည်။

ကိုသူရမှာ ကျူးကျော်လာသော တရုတ်ဖြူများကို တိုက်နေရသည်။ ကိုရန်နောင်လည်း တရုတ်ဖြူများကို တိုက်ရင်း မိုင်းဆတ်သို့ ရောက်နေသည်။ မိုင်းဆတ်မှ မိ ထံ စာရေးပြီး သူမေတ္တာကို ထပ်မံဖွင့်အံသည်။ မိ က အသိအမှတ်ပြုကြောင်း စာပြန်လိုက်သည်။

ကိုရန်နောင် ရန်ကုန်ပြန်ရောက်လာသောအခါ မိ နှင့်တွေ့သည်။ ချစ်သူနှစ်ဦး ပျော်မြူးခဲ့ကြသည်။ ကိုရန်နောင် ပြန်သွားပြီး ကိုသူရအခန်းကို ရှင်းစဉ် ကိုသူရ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို တွေ့သည်။ မှတ်တမ်းတွင် မိ ကို သူချစ်နေမိကြောင်း ရေးထားသည်။ မိ ရင်ခုန်ရပြန်သည်။

ကိုရန်နောင်က ကျိုင်းတုံမှ မိ ထံ စာရေးသည်။ သူပြန်လာလျှင် မိ နှင့်အရင်ဆုံးတွေ့လိုကြောင်း၊ အိမ်ရှေ့သို့ ကားထိုးရပ်သည်နှင့် မိ က ကြိုစေချင်ကြောင်း စာထဲတွင်ပါသည်။

လမိုက်သောညတစ်ညတွင် မိ တို့အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်သည်။ ကိုရန်နောင်ပြန်လာပြီဟု ထင်မိသည်။ သို့သော် ကိုရန်နောင်မဟုတ်၊ ကားပေါ်မှ ဆင်းလာသူမှာ ကိုသူရဖြစ်နေသည်။ ကိုသူရက ကိုရန်နောင် တိုက်ပွဲတွင်ကျဆုံးသွားကြောင်း ပြောပြသည်။ မိ ရှိုက်ကာငိုမိသည်။ ကိုသူရက မိ မျက်လုံးအိမ်မှ မျက်ရည်များကို လက်ကိုင်ပဝါလေးဖြင့် သုတ်ပေးသည်။ လက်ကိုင်ပဝါလေးမှာ မိ ကိုသူရကို လက်ဆောင်ပေးခဲ့သည့် လက်ကိုင်ပဝါလေးဖြစ်ပေသည်။

တို့တိုင်းဌာနီဝတ္ထုသည် ဆရာမ ခင်ဆွေဦး၏ ပထမဆုံး ဝတ္ထုရှည်ဖြစ်သကဲ့သို့ ဆရာမ၏ အကောင်းဆုံးဝတ္ထုရှည်လည်းဖြစ်ပေသည်။

တို့တိုင်းဌာနီဝတ္ထုသည် သာမန်အချစ်ဝတ္ထုတစ်ပုဒ်မဟုတ်ဘဲ အမျိုးသားလွတ်လပ်ရေးသမိုင်းကြောင်းကို နောက်ခံပြုကာ ရေးသားထားသည့် ဝတ္ထုရှည်ဖြစ်သည်။ ဤဝတ္ထုရှည်ကို ရေးနိုင်ရန် ခင်ဆွေဦးသည် သမိုင်းမှတ်တမ်းအထောက်အထားများကို ရှာဖွေလေ့လာသုတေသနပြုရုံသာမက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇောနှင့် တွေ့ဆုံကာ မေးမြန်းမှတ်သားခဲ့ကြောင်း သိရသည်။

ဟံသာဝတီသတင်းစာက တို့တိုင်းဌာနီဝတ္ထုနှင့်ပတ်သက်ပြီး မဟာဆွေသည် စာရေးကောင်းသကဲ့သို့ သူ့သမီး ခင်ဆွေဦးသည်လည်း ဖခင်၏ခြေရာကို နင်းနိုင်မည့်သူပင်ဖြစ်ပေသည်ဟူ၍ မှတ်ချက်ချခဲ့သည်။

စာကြေးမုံကြီးမောင်က ခင်ဆွေဦး၏ ပထမဆုံးလုံးချင်းဖြစ်၍ ယနေ့ထိ ခင်ဆွေဦး၏လက်ရာများတွင် အကောင်းဆုံးဟုဆိုချင်သည်ဟု မှတ်ချက်ပြုသည်။

ခင်ဆွေဦးသည် စာရေးဆရာကြီး မဟာဆွေနှင့် ဒေါ်ကြည်ကြည်တို့၏သမီးဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် စစ်ကိုင်းမြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဘီအေဘွဲ့ရရှိသည်။ ၁၉၅၈ ခုနှစ်မှစပြီး အထက်တန်းပြ ဆရာမလုပ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အလုပ်မှထွက်ပြီး စာပေလောကသို့ ဝင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရသည်။

ဘဝနှင့်မုန်တိုင်း၊ ဥမ္မာ၊ ကံ့ကော်ဦး၊ မိုးနှင့်ရေ၊ မြကေရှင်၊ မိုးပန်းဝေဝေလွင်၊ မြပုဂံ၊ အင်ကြင်းရဂုံ၊ လှမျိုးနွယ်၊ တေးသီလို့ဖွဲ့မယ်၊ ငွေစံပယ်၊ ရွှေပြည်ကိုသာ လွမ်းတော့သည် စသည့်ဝတ္ထုရှည်များ ရေးသားခဲ့သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

# ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဖျာပုံ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျုံတာရှမ်းကွင်း ကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံတို့နှင့်အတူ ရှမ်းကွင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရှမ်းကွင်းကျေးရွာတွင် အရှည် ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက ပြောပြ၍ သိရသည်။




**သက်မာ**

0w hkv H @

# ပျားရည်ပုလင်းလေး

နေထူး



(၁)

သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ကို ရောက်ဖြစ်တော့ ညီသည်ပီပီ အိမ်ခန်းပတ်ဝန်းကျင်ကို မျက်စိကစားလိုက်မိတဲ့အခါ ဘုရားစင်ပေါ်က ပုလင်းလေးကို ကျွန်တော်စိတ်ဝင်စားသွားမိတယ်။

အိမ်တော်တော်များများက ဘုရားစင်ပေါ်မှာ ပရိတ်ရေကိုရေသန့်ဘူးနဲ့ထည့်ပြီး တင်ထားတတ်ကြတာကို တွေ့မြင်ခဲ့ဖူးပေမဲ့ သူငယ်ချင်းဖြစ်သူက ပရိတ်ရေကို ဖန်ပုလင်းနဲ့ ထည့်ထားလေတယ်အထင်နဲ့ အံ့အားသင့်သွားမိတယ်။

ကျွန်တော်နဲ့အတူ အပြင်မှာဆုံလာခဲ့တဲ့သူငယ်ချင်းဖြစ်သူက အိပ်ခန်းထဲဝင်သွားပြီး အဝတ်အစားလဲနေစဉ်မှာ သူငယ်ချင်းဖြစ်သူရဲ့ဇနီးက ကော်ဖီခွက်လေးကိုင်လာပြီး ကော်ဖီသောက်ဖို့ ကျွန်တော့်ကိုညွှန်ပြနေတယ်။

ခဏနေတော့ သူငယ်ချင်းဖြစ်သူက အိပ်ခန်းထဲက ထွက်လာလို့ သူငယ်ချင်းနဲ့ သူ့ရဲ့ဇနီးကို ဘုရားစင်ပေါ်က ပုလင်းလေးကို စိတ်ဝင်တစားနဲ့မေးလိုက်မိတယ်။

"ဟ နေပါအုံးကွ။ ပရိတ်ရေကို ရေသန့်ဘူးနဲ့ထည့်ကြတာပဲ တွေ့ခဲ့ဖူးတာပါ။ မင်းတို့ကျမှပဲ ဖန်ပုလင်းနဲ့ ထည့်ရတယ်လို့"

ဘာရယ်မဟုတ် စကားဆိုလိုက်မိတယ်။ ကျွန်တော့်ရဲ့ဆိုစကားကို ကြားလိုက်ရပြီး သူငယ်ချင်းဖြစ်သူတို့လင်မယားနှစ်ယောက်စလုံး မျက်စိပျက်၊ မျက်နှာပျက်ဖြစ်သွားကြတာကို တွေ့လိုက်ရတယ်။

သူငယ်ချင်းရဲ့ဇနီးက မျက်ရည်လေးဝဲလည်လည်နဲ့ မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး-

"ကော်ဖီလေး သောက်ပါအုံး"ဆိုကာ အိမ်နောက်ထဲ ပြန်ဝင်သွားတယ်။

သူငယ်ချင်းဖြစ်သူကော သူ့ရဲ့ဇနီးပါ ကျွန်တော့်ရဲ့အမေးစကားကြောင့် မျက်နှာပျက်သွားကြတာဆိုတော့ သူတို့ရဲ့ စိတ်မကောင်းဖွယ်ရာအတိတ်အကြောင်းတစ်ခုခုကို တူးဆွမိလိုက်လေပြီဆိုပြီး အားတုံ့အားနာဖြစ်သွားရသေးတယ်။

ကိုယ့်ရဲ့စကားတစ်ခွန်းကြောင့် သူတို့တွေရဲ့အတိတ်တစ်ခုခု၊ စိတ်မကောင်းစရာပုံရိပ်တစ်ခုခုကို ပြန်လည်တူးဆွမိလိုက်ပြီဆိုတာ ရိပ်စားမိလို့ စကားလွှဲဖို့ လမ်းစရှာမိပေမဲ့ ရှာမရဖြစ်သွားခဲ့တယ်။

ခဏတာငြိမ်သက်နေရာမှ သူငယ်ချင်းဖြစ်သူက သက်ပြင်းမောကြီးကိုချလိုက်ပြီး-

"အဲဒါပျားရည်ပုလင်းကွ"လို့ လေးပင်စွာနဲ့ စကားဆိုလာတယ်။

"ဟေ. . ."

ကျွန်တော် အာမေဍိတ်ဖြစ်သွားမိတယ်။

ပျားရည်ပုလင်းကို ပျားရည်ပုလင်းလို့အစကတည်းက ဖြေလိုက်ရင် ကျွန်တော့်မှာ သူတို့ကို အားတုံ့အားနာဖြစ်သွားစရာမလိုဘူးလို့ စိတ်ထဲက မကျေမနပ်ပင်တွေးမိလိုက်သေးတယ်။

"ဒီလိုကွ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ငါ့သမီးလေး သွေးလွန်တုပ်ကွေးဖြစ်တဲ့အချိန်နဲ့ ငါ့ရဲ့အမေက တောကနေ သူ့အဖော်တွေနဲ့လိုက်လာပြီး ဘုရားဖူးလာတဲ့အချိန်က တိုက်ဆိုင်နေတယ်ကွ။ သမီးလေးက သွေးလွန်တုပ်ကွေးဖြစ်ပြီး အပြင်းဖျားနေလို့ ငါတို့လဲ စိုးရိမ်တကြီးနဲ့ ဆေးရုံကိုပြေးကြရတာပေါ့။ အိမ်မှာက ငါကားမောင်းတဲ့ လစာလေးတစ်ခုနဲ့ရပ်တည်နေရတာဆိုတော့ ပိုက်ဆံက ပိုပိုလျှံလျှံဘယ်ရှိပါ့မလဲကွာ။ ဆေးရုံသွားဖို့ဆိုတာက အိမ်လခပေးဖို့စုထားတဲ့ငွေလေးရယ်၊ မိန်းမရဲ့နားကပ်လေးရယ် ပေါင်ပြီးသွားကြရတာကွ။ အမေ့ကိုတော့ ဘေးအိမ်က ဒေါ်တုတ်နဲ့ အပ်ထားခဲ့ရတယ်။ သမီးလေးက အခြေအနေနည်းနည်းဆိုးနေတော့ ငါလဲ အိမ်ကိုမပြန်ဖြစ်ဘဲ သမီးလေးရဲ့အနားမှာပဲ စိုးရိမ်တကြီးရှိနေခဲ့တယ်။ မှန်တာကိုဝန်ခံရရင်ကွာ ငါ အမေ့ကိုခဏတာမေ့သွားခဲ့မိတယ်ကွ"လို့ဆိုပြီး ဝဲတက်လာတဲ့မျက်ရည်စတွေကို ထိန်းကာ ဦးတည်ချက်မဲ့စွာနဲ့ သူ့အိမ်ရဲ့မျက်နှာကြက်ကိုအကြောင်းမဲ့ မော့ကြည့်နေပြန်တယ်။

လျှာရှည်မိခဲ့တဲ့ ကျွန်တော့်မှာလဲ သူငယ်ချင်းဖြစ်သူရဲ့ စိတ်မကောင်းဖြစ်နေတဲ့ပုံကို သတိမထားမိဟန်လုပ်ပြီး သိပ်မပူတော့တဲ့ကော်ဖီလေးကိုမှုတ်ကာ တစ်ကျိုက်လေးသောက်လိုက်၊ ကော်ဖီရဲ့အပူကြောင့် ဝဲတက်လာတယ်လို့ထင်စေလိုတဲ့ မျက်ရည်စလေးတွေကို သုတ်နေလိုက်မိတော့တယ်။ ခဏနေမှ သူငယ်ချင်းဖြစ်သူက စကားဆက်လာပြန်တယ်။

"ငါတို့လင်မယား ဆေးရုံမှာရောက်နေတဲ့အချိန်မှာပဲ အိမ်ရှင်က အိမ်လခလာတောင်းတာနဲ့ကြုံလို့ အမေက ဘုရားဖူးဖို့ ယူလာတဲ့ငွေကလေးကို အိမ်လခထုတ်ပေးလိုက်တယ်တဲ့။ ဒါတင် ဘယ်ကသေးမလဲကွာ။ သူ့နားက နားတောင်းလေးကို လမ်းထိပ်က ရွှေဆိုင်မှာ ဒေါ်တုတ်ကိုခေါ် သွားရောင်းခဲ့ပြီးတော့ ဆန်၊ ဆီ၊ ဆားနဲ့ အိမ်အတွက်လိုတာလေးတွေ ဝယ်ပေးသွားရုံမကဘူး ငါ့သမီးလေးအတွက် ဆေးဖိုးနဲ့ မုန့်ဖိုးဆိုပြီးပေးသွားခဲ့သေးတာ။ ဒီအကြောင်းတွေကို အမေပြန်သွားတော့မှ ဒေါ်တုတ်ကနေတစ်ဆင့် သိခဲ့ရတာကွ။ အမေက ဒေါ်တုတ်ကို ပြန်မပြောပြဖို့ အတန်တန်မှာသွားခဲ့တယ်ကွာ"

ကျွန်တော့်ကို ပြန်ပြောပြနေရင်းနဲ့ သူငယ်ချင်းရဲ့ ပါးပြင်မှာ မျက်ရည်စတွေက တောင်ကျရေအလား ဒလဟောစီးကျလာတော့တယ်။

အိမ်နောက်ဖေးအခန်းဘက်မှာလဲ သူငယ်ချင်းရဲ့ဇနီး ငိုရှိုက်သံက တစ်ချက်တစ်ချက်ထွက်ပေါ်နေတယ်။ လျှာရှည်မိတဲ့ ကျွန်တော့်မှာလဲ ကိုယ့်ပါးစပ်ကိုပဲ ပိတ်တီးချင်မိတော့တယ်။ ဒါပေမဲ့ အခုချိန်ထိတော့ ကျွန်တော်သိချင်နေတဲ့ ဘုရားစင်ပေါ်က ပုလင်းလေး အကြောင်းက ပါမလာခဲ့သေးပေ။

သူငယ်ချင်းက ဆက်ပြီး-

"ငါ့ကို နားတောင်းလေးရောင်းပြီး ပေးခဲ့ရတာကို ရွာကလူတွေသိခဲ့ရင် ငါ့သိက္ခာကျမှာစိုးလို့ နားတောင်းအတုလေး ဒေါ်တုတ်ကိုဝယ်ခိုင်းပြီး နားမှာ ပန်သွားရှာသေးသတဲ့။ ပြီးတော့ ဆွေမျိုးနီးစပ်သူတွေပေးဖို့ ရွာကနေယူလာတဲ့ ပျားရည်ပုလင်းတွေကို ခြင်းတောင်းလေးထဲမှာထည့် ခေါင်းပေါ်ရွက်ပြီး ဒေါ်တုတ်ကို လမ်းပြရှေ့ဆောင်ခေါ်ကာ ဟိုဘက်က ရပ်ကွက်ထဲ သွားရောင်းခဲ့ကြသေးသတဲ့ကွာ။ ဒေါ်တုတ်က ဒီရပ်ကွက်ထဲမှာပဲရောင်းပါလားလို့ အကြံပေးတော့ ငါသိသွားရင် ရှက်နေမှာစိုးလို့ အခြားရပ်ကွက်မှာပဲ လိုက်ရောင်းမယ်ပြောသတဲ့။ မမြင်မကန်းအိုကြီးအိုမနဲ့ကွာ" လို့ မချိတင်ကဲစကားဆိုပြီး သူ့နှာခေါင်းကို လက်နဲ့ပွတ်ကာ တစ်ချက်တစ်ချက်ပင့်သက်ရှိုက်သလို ရောယောင်ပြီး ငိုရှိုက်နေတော့တယ်။

"အဲဒီ ပျားရည်ပုလင်းလေးတွေရောင်းလို့ရတဲ့ ပိုက်ဆံကလေးကို ငါ့မြေးလေးသက်သာရင် စားချင်တာဝယ်ကျွေးကြဆိုပြီး ပေးခဲ့သေးတာ။ သမီးလေး ဆေးရုံက ဆင်းတဲ့နေ့မှာပဲ နင်တို့အိမ်က ကျဉ်းတယ်။ ငါက တောသူဆိုတော့ ကျဉ်းကျဉ်းကျပ်ကျပ်မနေတတ်ဘူးဆိုပြီး သူ့အဖော်တွေရှိတဲ့အိမ်မှာနေမယ်ဆိုလို့ ငါ လိုက်ပို့လိုက်ရတယ်။ တကယ်တော့ကွာ အမေက သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာစိုးလို့ကွ။ အဖြစ်မှန်ကိုမသိတော့ ငါ့မိန်းမကဆို တဖျစ်တောက်တောက်ပေါ့။ ကိုယ့်ရဲ့မြေးလေး ဆေးရုံကဆင်းခါစမှာတောင် အိမ်မှာမနေရကောင်းလားဆိုပြီး ပြောဆိုနေခဲ့သေးတယ်။ ဒီအကြောင်းတွေအားလုံးကို အမေပြန်သွားမှ ဒေါ်တုတ်ဆီကနေ သိလိုက်ရတာ။ ဒေါ်တုတ်ကို ပြန်မပြောဖို့ အမေက အတန်တန်တောင်းပန်သွားလို့တဲ့ကွာ"

"အေးကွာ။ မိဘတိုင်းကတော့ သားသမီးတွေအပေါ်မှာ တာဝန်ကျေခဲ့ကြပေမဲ့ ငါတို့တွေက တာဝန်မကျေနိုင်ကြသေးဘူးကွ"လို့ပဲ သူ့ကို ဖြေသိမ့်လိုက်မိတယ်။

"အခု မင်းမေးတဲ့ပျားရည်ပုလင်းလေးက ငါ့အမေက မရောင်းဘဲထားပေးခဲ့တဲ့ ပုလင်းလေးကွ"လို့ ပြောပြီး စကားကိုအဆုံးသတ်သွားတယ်။

သူငယ်ချင်းရဲ့ အဖြေစကားမှာ ကျွန်တော်သိချင်တဲ့ ပုလင်းလေးအကြောင်းကိုသိလိုက်ရပြန်တော့ စိတ်ထဲမှာ မွန်းကျပ်ကျပ်ဖြစ်လာလို့ မသိမသာသက်ပြင်းလေးခိုးချလိုက်ပြီး-

"ဒါနဲ့ မင်းရဲ့အမေကော နေကောင်း၊ ကျန်းမာတယ် မဟုတ်လား"

ကျွန်တော့်ရဲ့အမေးစကား မဆုံးခင်လေးမှာပင် အခန်းထဲမှ သူငယ်ချင်းရဲ့ဇနီး ငိုရှိုက်သံက ပိုလို့ပင် ကျယ်လောင်လာတယ်လို့ ထင်မှတ်လိုက်ရတယ်။

"ငါ့အမေက လွန်ခဲ့တဲ့ သုံးလလောက်ကပဲ ဆုံးသွားပြီ"တဲ့။

ကျွန်တော် ဘာများပြောနိုင်ပါအုံးမလဲ။

ဘုရားစင်ပေါ်က ပုလင်းလေးရဲ့ နက်ရှိုင်းတဲ့ ရာဇဝင်ကို ကြားသိလိုက်ရပြီးသကာလမှာတော့ ကျွန်တော့်ရင်ထဲမှာ ပိုလို့ပင်မွန်းကျပ်လာပါတော့တယ်။

❖ "ငါတို့လင်မယား ဆေးရုံမှာရောက်နေတဲ့အချိန်မှာပဲ အိမ်ရှင်က အိမ်လခလာတောင်းတာနဲ့ကြုံလို့ အမေက ဘုရားဖူးဖို့ယူလာတဲ့ငွေကလေးကို အိမ်လခထုတ်ပေးလိုက်တယ်တဲ့။ ဒါတင်ဘယ်ကသေးမလဲကွာ။ သူ့နားက နားတောင်းလေးကို လမ်းထိပ်ကရွှေဆိုင်မှာ ဒေါ်တုတ်ကိုခေါ် သွားရောင်းခဲ့ပြီးတော့ ဆန်၊ ဆီ၊ ဆားနဲ့ အိမ်အတွက်လိုတာလေးတွေ ဝယ်ပေးသွားရုံမကဘူး ငါ့သမီးလေးအတွက် ဆေးဖိုးနဲ့ မုန့်ဖိုးဆိုပြီး ပေးသွားခဲ့သေးတာ။ ဒီအကြောင်းတွေကို အမေပြန်သွားတော့မှ ဒေါ်တုတ်ကနေ တစ်ဆင့် သိခဲ့ရတာကွ။ အမေက ဒေါ်တုတ်ကို ပြန်မပြောပြဖို့ အတန်တန်မှာသွားခဲ့တယ်ကွာ" ❖

# မုံရွာမြို့နယ်တွင် စက်မှုကုန်ကြမ်းသီးနှံ ဝါ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ဝါ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါမျိုးစုံ ၁၅၉၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဝါ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါမျိုးစုံ ၁၅၉၉၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် ဝါသီးနှံစိုက်ပျိုးမှုက လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့တယ်။ ဝါစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်ကောင်းမျိုးစေ့ ရရှိရေးအတွက် လိုအပ်တဲ့နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ ၈၂ ဧက၊ မိုးချည်မျှင်ရှည်ဝါ ၈၀၅၆ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၃၉၈၇ ဧက၊ ချည်မျှင်တိုဝါ ၃၈၇၂ ဧက စုစုပေါင်းဝါမျိုးစုံ ၁၅၉၉၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခနှင့် ဆေးဝါးကုန်ကျစရိတ် အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၀၀၀၀ ကုန်ကျကြောင်း၊ ဝါစိုက်ပျိုးပြီး သုံးလအကြာတွင် စတင်ကောက်ယူရကာ အကြိမ်ရေအားဖြင့် အနည်းဆုံး ငါးကြိမ်ထိ ကောက်ယူရရှိနိုင်ကြောင်း၊ ထွက်ရှိမှုအနေဖြင့် ဝါတစ်ဧကလျှင် ပိဿာချိန် ၃၅၀ မှ ၄၀၀ ထိ ထွက်ရှိကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီကို သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံကို သီးညှပ်စိုက်ပျိုးခြင်းတို့ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ဒေါင့်ဘိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချဉ်ကျေးရွာအုပ်စု ဒေါင့်ဘိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ဒေါင့်ဘိုးကျေးရွာတွင် ဒသမအကြိမ်ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒေါင့်ဘိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၃ ဦးကို ငွေကျပ် ၄၅ ဒသမ ၄၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၈ ဒသမ ၂၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၈၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းမိုး**



# ဖာပွန်မြို့နယ် ပုဠွန်မြောင်း+နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပုဠွန်မြောင်း+နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဠွန်မြောင်း+နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပုဠွန်မြောင်း+ နို့ထကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၄ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

## မင်္ဂလာတရား

\- တန်ဖိုးဝင် လူသားအဖြစ်
စည်းကမ်းစနစ် လက်စွဲပါ၊
ပျင်းရိဖယ် အလုပ်ကြိုးစား
တိုးပွားမြဲသာ၊
ပညာလည်း သင်ကြားကာ
ဘဝမှာ ဂုဏ်ပန်းလှ၊
ပင်ကိုဉာဏ် သင့်အစွမ်းဖြင့်
ထမ်းရွက်စံပြ။

\- ရှင်သန်ပါ သင့်ဘဝ
အတွေးအဆ ကောင်းဖို့လေ၊
နေထိုင်ပါ စိတ်မြင့်မြတ်
ကျင့်ဝတ်မှန်စေ၊
အများကျိုး ထမ်းရွက်မသွေ
နေထိုင်လေ စရိုက်မစောင်း၊
မေတ္တာဖြူ ပျော်ရွှင်ပြုံးလို့
ကျင့်သုံးစေကြောင်း။

\- လူမိုက်ကို ရှောင်ကြဉ်မပေါင်း
သူတော်ကောင်း ဆည်းပူးပို၊
အတုယူ လေ့လာပြု
တွေးရှုခွန်းချို၊
စာနာစိတ် ထိပ်တန်းကြို
ကတိကို တည်တံ့ပေး၊
ကောင်းသဏ္ဌာန် အသွင်လှတော့
အေးမြမယ်လေး။ ။

ဖြိုးထက်(ရေစကြို)

# မောက်မယ်မြို့နယ် စက်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မောက်မယ် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စက်ကုန်းကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် စက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အကုန်အကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပါက စက်ကုန်းကျေးရွာရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြောပြ၍ သိရသည်။

**အေးသူ**

# လူမှုဆက်ဆံရေးနှင့် ဂါရဝ နိဝါတ

ရွှေညာ(ရွာတန်းရှည်)

လူသည် ပတ်ဝန်းကျင်နှင့်ကင်းကွာ၍ ကြီးပွားတိုးတက်မှုကိုမရနိုင်ပါ။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူသားတိုင်းအတွက် မဖြစ်မနေဆက်ဆံနေရမည့်အရာသာဖြစ်၏။ ထိုသို့ဆက်ဆံရာ၌ တစ်ဦးနှင့်တစ်ဦး ရေရှည်ကိုမျှော်ကိုး၍ ဂါရဝတရား၊ နိဝါတတရား လက်ကိုင်ထား၍ ဆက်ဆံကြရမည်။ လေးစားရိုသေမှု ဂါရဝတရားနှင့် နိဝါတတရားမပါရှိသော ဆက်ဆံရေးသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုမရရှိနိုင်သကဲ့သို့ အရှည်သဖြင့် မခိုင်မြဲနိုင်ပေ။ ဂါရဝ၊ နိဝါတဆိုသည်မှာ လူ့ယဉ်ကျေးမှုကိုဖော်ပြသော ပြယုဂ်ဖြစ်သကဲ့သို့ ငြိမ်းချမ်းခြင်းကိုလည်းဖြစ်စေသည်။ ထိုတရားနှစ်ပါးရှိရာအရပ်၌ နေထိုင်ရခြင်းသည် မင်္ဂလာလည်းဖြစ်သည်။ ထိုတရားနှစ်ပါးမရှိရာအရပ်၌ နေထိုင်ရခြင်းသည် ဘေးရန်အန္တရာယ်များ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရတတ်သည်။ လူမှုဆက်ဆံရေးကောင်းခြင်း၊ မကောင်းခြင်း၊ ယဉ်ကျေးမှုရှိခြင်း၊ မရှိခြင်းမှာ ဂါရဝတရား၊ နိဝါတတရားများနှင့်သာ သက်ဆိုင်သည်။ ဂါရဝတရား၊ နိဝါတတရားရှိသူသည် လူမှုဆက်ဆံရေးကောင်းသကဲ့သို့ ယဉ်ကျေးမှုလည်းရှိသည်။ ထိုတရားနှစ်ပါးသည် လူသားတို့အတွက် ရေရှည်ဆက်ဆံနိုင်ရန် ပေါင်းကူးတံတားလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတကူညီရေးအဖွဲ့များ၊ အကျိုးတူဆောင်ရွက်လုပ်ကိုင်နေသည့် စီးပွားရေးအဖွဲ့များ စသည့်အဖွဲ့အစည်းအမျိုးမျိုးရှိသည်။ မည်သည့်အဖွဲ့အစည်း၌မဆို ထိုဂါရဝ၊ နိဝါတ တရားနှစ်ပါးမရှိလျှင် အနာဂတ်တွင် အောင်မြင်မှုမရနိုင်ပေ။ ၃၈ ဖြာမင်္ဂလာတရားတော်၌ ဂါရဝေါစ ရိုသေထိုက်သူကို ရိုသေခြင်းသည်လည်းကောင်း၊ နိဝါတောစ မိမိကိုယ်ကိုနှိမ့်ချခြင်းသည်လည်းကောင်း မင်္ဂလာဖြစ်၏ဟု ဖော်ပြထားသည်။ ဂါရဝတရားဆိုသည်မှာ အလေးအမြတ်ထားခြင်း၊ ရိုသေလေးစားခြင်းပင်ဖြစ်သည်။ အလေးအမြတ်ထား၍ ရိုသေထိုက်သူများမှာ အဂ္ဂုတ္တိုရ်၌ ဖော်ပြထားသည်။ ရိုသေထိုက်သူများမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသာဝက (သံဃာ)၊ ဆရာ၊ မိဘ၊ မိမိထက် သီလ၊ သမာဓိ၊ ပညာ၊ ရာထူး၊ အာဏာ ဂုဏ်သိက္ခာကြီးသောပုဂ္ဂိုလ်များ။ မိမိထက် အရွယ်အားဖြင့်ကြီးသော အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မ စသည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များကို ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း၊ စော်ကားခြင်းများ ပြုလုပ်မိပါက ဆူးပေါ်ဖက်ကျသည်ဖြစ်စေ၊ ဖက်ပေါ်ဆူးကျသည်ဖြစ်စေ ဖက်ပင်ပေါက်သကဲ့သို့ မိမိသာလျှင် အကျိုးစီးပွားပျက်စီးကာ အပြစ်ရောက်ရှိတတ်ပုံကို "ဂုဏဝယ၊ ဝုဍ္ဍ ကိုယ့်ထက်ဂုဏ်သက်နှစ်ပါး၊ ကြီးသူအားလည်း ပြစ်မှားရှုတ်ချမပြုရဘူး ဆူးကျဖက်ပေါက်၊ ဖက်ပေါက်ဆူးကျဆိုကြသဖွယ်၊ ကိုယ်ဝယ်ချည်းပေ ပြစ်ရောက်ချေ၏"ဟု မဃဒေဝလင်္ကာသစ်၌ ပြဆိုထားပေသည်။ ဂါရဝတရား၏ဆန့်ကျင်ဘက်သည် မောဟဖြစ်သည်။ ပညာဉာဏ်နုံနည်း၍ မောဟစရိုက်အားကြီးသူများမှာ ဂါရဝတရားမရှိတတ်ကြပေ။

မောဟရှိသူသည် ရိုသေထိုက်သူ၊ မရိုသေထိုက်သူ၊ အလေးထားထိုက်သူ၊ အလေးမထားထိုက်သူစသည် မကွဲပြားသောကြောင့် ဂါရဝတရားခေါင်းပါးသူဖြစ်ရလေသည်။ ယခုအခါ ဂါရဝတရားနှင့် နိဝါတတရားများပျောက်ဆုံးကာ အဖေနှင့်သား၊ အမေနှင့်သမီး၊ ဆရာနှင့်တပည့်၊ ဘုန်းကြီးနှင့်ဒါယကာ စသည်တို့မှာ တစ်ဦးနှင့်တစ်ဦး သူစိမ်းပမာ၊ ရန်သူပမာ ဆက်ဆံလာကြသည်ကိုလည်း တွေ့ရလေသည်။

စံပြုထိုက်သည့် ပညာရှိသူတော်ကောင်းတို့၏ ဂါရဝတရား၊ နိဝါတတရားထားရှိမှုများကို ဖော်ပြလိုသည်။

ပညာရှိတို့၏ဂါရဝတရားသည် အုံးသြဖွယ်ကောင်းလှသကဲ့သို့ အတုယူလိုက်နာကျင့်သုံးသင့်ပေသည်။ ပညာအရာတွင် ဧတဒဂ်ဘွဲ့ရတော်မူသော အရှင်သာရိပုတ္တရာသည် ဗုဒ္ဓရှင်တော်မြတ်နှင့်မတွေ့မီ အရှင်အဿဇိမထေရ်မြတ်ထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စသောတရားတော်ကို နာကြားပြီးနောက် သောတာပန်ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ အရှင်သာရိပုတ္တရာသည် အရှင်အဿဇိမထေရ် သီတင်းသုံးနေထိုင်တော်မူသောအရပ်ကို လက်အုပ်ချီ၍ ထိုအရပ်ကိုသာ ဦးခေါင်းပြု၍ အိပ်တော်မူသည်။ ထိုအခြင်းအရာကိုမြင်သော ရဟန်းတော်များသည် "အရှင်သာရိပုတ္တရာသည် မှားသောအယူရှိ၏။ အရပ်မျက်နှာတို့ကို ရှိခိုးသူဖြစ်၏"ဟု ဗုဒ္ဓရှင်တော်မြတ်အား လျှောက်ထားကြလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် "ချစ်သားရဟန်းတို့ သာရိပုတ္တရာသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်းမဟုတ်၊ သူ၏ဆရာဖြစ်သော အရှင်အဿဇိမထေရ်ကို ရှိခိုးခြင်းဖြစ်၏။ ရဟန်းတို့ အကြင်ဆရာကိုမှီ၍ တရားကို သိ၏။ ထိုဆရာကို ဂါရဝပြု၍ ရှိခိုးထိုက်သည်သာဖြစ်၏"ဟု မိန့်တော်မူသည်။ ဓမ္မပဒလာ ဤဝတ္ထုကို

> ❖ ဂါရဝတရားနှင့်ဒွန်တွဲနေသည့်တရားမှာ နိဝါတတရားဖြစ်သည်။ နိဝါတတရားဆိုသည်မှာ မိမိစိတ်ကို နှိမ့်ချ၍နေထိုင်ခြင်းဖြစ်သည်။ လူ့ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ အကောင်းဆုံးဆက်ဆံရေးကိုရရှိနိုင်သည်မှာ နိဝါတတရားပင်ဖြစ်သည်။ နိဝါတတရား၏ဆန့်ကျင်ဘက်သည် မာနဖြစ်၏။ ထောင်လွှားခက်ထန်၍ မောက်မာသောမာနစရိုက်အားကြီးသူများမှာ နိဝါတတရားမရှိတတ်ကြပေ။ မာနရှိသူသည် ကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာရှိသောကြောင့် နိဝါတတရားခေါင်းပါးသူဖြစ်သည်။ နိဝါတတရားပျောက်နေသူများကို လောကလူသားတို့က ရိုင်းစိုင်းသူအဖြစ် သတ်မှတ်ကြလေသည်။ ❖

ထောက်ရှု၍ ဂါရဝတရားရှိသူများသည် ပညာဉာဏ်အမြော်အမြင်ရှိသူများဖြစ်သည်ကို သိနိုင်ပေသည်။ အရှင်သာရိပုတ္တရာနည်းတူ အရှင်အာနန္ဒာသည်လည်း ဆရာဖြစ်သော အရှင်ပုဏ္ဏမထေရ်ကို ညစဉ်ရှိခိုး၍ အိပ်တော်မူသည်။ အင်္ဂုတ္တိုရ်၌ ဂါရဝတရားထားရှိအပ်သောပုဂ္ဂိုလ်ဆယ်ပါးကို ပြဆိုထားသည်။ ထိုဆယ်ပါးမှာ-

၁။ ဗုဒ္ဓဂါရဝ ဘုရားရှင်အား လေးစားရခြင်း

၂။ ဓမ္မဂါရဝ တရားတော်အား လေးစားရခြင်း

၃။ သံဃဂါရဝ သံဃာအား လေးစားရခြင်း

၄။ သိက္ခာဂါရဝ ကျင့်ကြံမှု၌ လေးစားရခြင်း

၅။ သမာဓိဂါရဝ တည်ကြည်ဖြောင့်မှန်မှု၌ လေးစားရခြင်း

၆။ အပ္ပမာဒဂါရဝ ကောင်းမှုကုသိုလ်၌ မမေ့မလျော့ လေးစားရခြင်း

၇။ ပဋိသန္ထာရဂါရဝ ပေါင်းသင်းဆက်ဆံရေး၌ လေးစားရခြင်း

၈။ ဟီရိဂါရဝ မကောင်းမှုပြုလုပ်ရမည်မှ ရှက်ခြင်း၌ လေးစားရခြင်း

၉။ ဩတ္တပ္ပဂါရဝ မကောင်းမှုပြုလုပ်ရမည်မှ ကြောက်ခြင်း၌ လေးစားရခြင်း

၁၀။ အညမညဂါရဝ အချင်းချင်းအတူနေသူများအား တစ်ဦးကိုတစ်ဦး ရိုသေလေးစားရခြင်းတို့ဖြစ်ကြသည်။

ထိုဆယ်ပါးတွင် ပေါင်းသင်းဆက်ဆံရေး၌ လေးစားရခြင်းဟူသော ပဋိသန္ထာရဂါရဝနှင့် အချင်းချင်းအတူနေသူများ တစ်ဦးကိုတစ်ဦးရိုသေလေးစားရခြင်းဟူသော အညမညဂါရဝတို့သည် လူမှုပတ်ဝန်းကျင်နှင့် နေ့စဉ် အမြဲထိတွေ့နေရသော လောကလူသားများအတွက် မဖြစ်မနေလိုက်နာရမည်သာဖြစ်သည်။ ဂါရဝတရားနှင့်ဒွန်တွဲနေသည့်တရားမှာ နိဝါတတရားဖြစ်သည်။ နိဝါတတရားဆိုသည်မှာ မိမိစိတ်ကို နှိမ့်ချ၍နေထိုင်ခြင်းဖြစ်သည်။ လူ့ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ အကောင်းဆုံးဆက်ဆံရေးကိုရရှိနိုင်သည်မှာ နိဝါတတရားပင်ဖြစ်သည်။ နိဝါတတရား၏ဆန့်ကျင်ဘက်သည် မာနဖြစ်၏။ ထောင်လွှားခက်ထန်၍ မောက်မာသောမာနစရိုက်အားကြီးသူများမှာ နိဝါတတရားမရှိတတ်ကြပေ။ မာနရှိသူသည် ကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာရှိသောကြောင့် နိဝါတတရားခေါင်းပါးသူဖြစ်သည်။ နိဝါတတရားပျောက်နေသူများကို လောကလူသားတို့က ရိုင်းစိုင်းသူအဖြစ် သတ်မှတ်ကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော်က ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တဟူသော သာကီဝင်မင်းသား ခြောက်ဦးရှိသည်။

တစ်နေ့တွင် ထိုမင်းသားခြောက်ဦးသည် ဥပါလိဆတ္တာသည်နှင့်အတူ ဗုဒ္ဓရှင်တော်မြတ်ထံရောက်ရှိလာကြသည်။ ရည်ရွယ်ချက်မှာ ဗုဒ္ဓရှင်တော်မြတ်ထံ၌ ရဟန်းပြုရန်ဖြစ်သည်။ ထိုမင်းသားခြောက်ဦးသည် ဗုဒ္ဓရှင်တော်မြတ်အား "အရှင်ဘုရား တပည့်တော်တို့၏ သာကီဝင်မျိုးမှာ မာန်ကိုမှီ၍ မာနကြီးကြပါကုန်၏။ ဤဥပါလိဆတ္တာသည်မှာ တပည့်တော်တို့၏ အလုပ်အကျွေးဖြစ်ပါ၏။ ထိုအလုပ်အကျွေးဖြစ်သည့် ဥပါလိဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးပြီးမှ တပည့်တော်တို့ကို ရဟန်းပြုပေးတော်မူပါ။ တပည့်တော်တို့မှာ ဥပါလိဆတ္တာသည်အပေါ်၌ အရိုအသေပြုတာ၊ ခရီးဦးကြိုပြုတာ၊ ရှိခိုးတာကို ပြုကြပါကုန်အံ့။ သို့မှသာ သာကီယမာန်သည် မာန်စွယ်ကျိုးပါလိမ့်မယ်"ဟု လျှောက်ထားကြသည်။ထိုလျှောက်ထားချက်အရ ဗုဒ္ဓရှင်တော်မြတ်သည် ဥပါလိဆတ္တာသည်ကို ဦးစွာရဟန်းပြုပေးတော်မူ၏။ သာကီဝင်မင်းသားခြောက်ဦးတို့၏ မာန်မာနချိုးနှိမ်မှုနှင့် နိဝါတတရားထွန်းကားမှုမှာ ကြက်သီးထဖွယ်ပင်ဖြစ်သည်။ ယနေ့မျက်မှောက်ကာလ၌ အချို့သူများသည် နိဝါတတရားများပျောက်ဆုံးကာ သက်ကြီးရွယ်များနှင့် ဆရာမိဘတို့ကိုပင် မာန်ဖြင့် တုံ့ပြန်လာတတ်ကြပေသည်။လူမှုဆက်ဆံရေးနယ်ပယ်သည် ဂါရဝတရား၊ နိဝါတတရားကင်းဆိတ်လာသည်နှင့်အမျှ အရုပ်ဆိုးအကျည်းတန်မှုများကသာ တိုးပွားလာလေသည်။ လောကီအကျိုးစီးပွားဖြစ်စေ၊ လောကုတ္တရာအကျိုးစီးပွားဖြစ်စေ ရလိုသူတိုင်းသည် မိမိတို့၏မာန်မာနများကို အရင်ဦးစွာ ချိုးနှိမ်ထားသင့်သည်ကို အထူးသတိချပ်ရပေမည်။ မာန်ခံနေလျှင် အကျိုးစီးပွားမဖြစ်နိုင်သကဲ့သို့ တရားထူးလည်း ရနိုင်မည်မဟုတ်ပါ။

ရှင်ရာဟုလာသည် ဗုဒ္ဓရှင်တော်မြတ်၏ တစ်ဦးတည်းသော သားတော်ဖြစ်သည်။ အဖဘုရားကို အမှီပြု၍ မောက်မာမည်ဆိုလျှင် မောက်မာနိုင်သည်။ စိတ်ကြီးဝင်မည်ဆိုက ဝင်နိုင်သည်။ သို့သော် အခြားသာမဏေများနှင့် ရဟန်းတော်တို့သည် တောင်းများ၊ ပလုံးများကို ဟိုပစ်၊ သည်ပစ်လုပ်ကြပြီးနောက် ရှင်ရာဟုလာအား အပြစ်တင်ကြသည်။ "ရှင်ရာဟုလာသည် စည်းမရှိ၊ ကမ်းမရှိ အမှိုက်ပစ်သူ"ဟု ပြောဆိုကြသည်။ သို့သော် ရှင်ရာဟုလာသည် ဒေါသမထွက် မာန်မာနမထားဘဲ မိမိစိတ်ကိုချိုးနှိမ်ကာ "မှန်ပါ၊ တပည့်တော်ရှင်းပေးပါ့မယ်ဘုရား"ဆိုပြီး တောင်းများ၊ ပလုံးများကို သိမ်းဆည်းရှာသည်။ အမှိုက်ပုံများကို ရှင်းသည်။ မည်သူ့ကိုမျှ အပြစ်မပြောဘဲ နိဝါတတရားဖြင့်သာ နေထိုင်သော ရှင်ရာဟုလာ၏စိတ်ထားကို အတုယူသင့်ပေသည်။

စာရေးသူ နယ်မြို့လေးတစ်မြို့တွင်နေစဉ်က နာမည်ကြီးစာသင်တိုက်တစ်တိုက်ကို ရောက်ဖူးသည်။ ထိုစာသင်တိုက်ကြီးတွင် စာသင်သားရဟန်းသံဃာ ၁၀၀ ကျော်ရှိသည်။ စာရေးသူရောက်သည့်နေ့က ကျောင်းတစ်ဆောင်ဆောက်ရန် ပန်းရန်ဆရာများက လိုင်းကျင်းတူးနေသည့်အချိန်လည်းဖြစ်သည်။ နေကလည်း အလွန်ပူနေတော့ ပန်းရန်ဆရာတစ်ဦးက ဆရာတော်ကြီးကို "ဆရာတော်ဘုရား တပည့်တော်တို့ကို ဖိနပ်စီးခွင့်ပေးပါဘုရား" လျှောက်ထားလေသည်။ "ဟဲ့ ဒါယကာ၊ သာသနာ့နယ်မြေက ငါပိုင်တာမဟုတ်ဘူးကွဲ့၊ ငါက ဖိနပ်မစီးဖို့ အမိန့်ထုတ်ထားတာမဟုတ်သလို ဖိနပ်စီးဖို့လဲ ခွင့်မပြုရဲဘူး။ စီးချင်သပဆိုစီး၊ မစီးချင်လဲမစီးနဲ့ မင်းတို့သဘောနဲ့ မင်းတို့လုပ်။ ဖိနပ်စီးတယ်၊ မစီးဘူးဆိုတာ သာသနာ့နယ်မြေနဲ့ မဆိုင်ဘူးကွဲ့၊ ဂါရဝတရား နိဝါတတရားနဲ့ပဲဆိုင်တယ်။ ငါတို့စာပေမှာတော့ ရဟန်းတွေမှာတောင် မိမိထက်သိက္ခာကြီးတဲ့ ထေရ်ကြီးဝါကြီးတွေရှေ့မှာ တစ်ဆယ့်နှစ်တောင်အကွာအဝေးက ဖိနပ်ချွတ်ရတယ်ကွဲ့"ဟု မိန့်တော်မူသည်။ ဗုဒ္ဓရှင်တော်မြတ်သည် သာသနာ့နယ်မြေဖြစ်သော ဘုရား၊ ကျောင်း၊ ကန်များတွင် ဖိနပ်မစီးရန်မပညတ်ခဲ့ပေ။ မိမိတို့၏ အသိဉာဏ်ဖြင့် ရိုသေလေးစား ဂါရဝထား၍လည်းကောင်း၊ မာန်ကိုနှိမ်ချ နိဝါတထား၍လည်းကောင်း မစီးကြခြင်းသာဖြစ်ပေသည်။ ဂါရဝ နိဝါတတရားရှိသူများရရှိနိုင်မည့် ကောင်းကျိုးဆယ်မျိုးကို အင်္ဂုတ္တိုရ်၌ပြဆိုထားသည်။ ထိုဆယ်မျိုးမှာ-

၁။ ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း

၂။ ချီးမွမ်းခံရခြင်း

၃။ ဗြဟ္မစိုဟာရတရားတိုးပွားခြင်း

၄။ ကောင်းသတင်းကျော်စောခြင်း

၅။ ကွယ်လွန်သည့်အခါ သုဂတိသို့ရောက်ရခြင်း

၆။ ကွယ်လွန်သည့်အခါ အထက်တန်းစားအမျိုး၌ဖြစ်ရခြင်း (အမျိုးမြတ်ခြင်း)

၇။ အသက်ရှည်ခြင်း

၈။ အဆင်းလှခြင်း

၉။ ချမ်းသာကြီးခြင်း

၁၀။ ခွန်အားကြီးခြင်းတို့ဖြစ်သည်။

ဂါရဝ နိဝါတတရားမရှိသူများအတွက် ထိုဆယ်ပါးကိုပင် ဝိရောဓိအပြန်အားဖြင့် သိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးများနှင့် မြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူအားလုံးသည် လူမှုဆက်ဆံရေးတရားဖြစ်သော ဂါရဝ နိဝါတတရားများကို လူတိုင်းကိုယ်စီထားရှိကာ မိမိတို့၏လူမျိုး၊ မိမိတို့၏နိုင်ငံ၊ မိမိတို့၏ ဘာသာအဆုံးအမများကို ထိန်းသိမ်းစောင့်ရှောက်၍ အထက်တန်းသို့ရောက်နိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– ဝိနယမဏ္ဍိုင်ကျမ်း။**

**အင်္ဂုတ္တိုရ်ပါဠိ၊ အဋ္ဌကထာ။**

**ဓမ္မပဒအဋ္ဌကထာ။**

# ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညမှတ်သို့ရောက်ရှိရေး တစ်နှစ်လျှင် ကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံထိ ရင်းနှီးမြှုပ်နှံရန်လိုအပ်



**လန်ဒန် ဇော်တင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ အီဒင်ဘတ်မြို့တွင် အခြေစိုက်သည့် အကြံပေးကုမ္ပဏီဖြစ်သော WoodMac ၏ ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံထိ ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် အလေးထားဆောင်ရွက်နေသော်လည်း လက်ရှိဆောင်ရွက်နေမှုများမှာ ၂၀၅၀ ပြည့်နှစ်အတွက် ပစ်မှတ်ထားနေသည့် ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မည်မဟုတ်သလို ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်ကိုပင် အရောက်လှမ်းနိုင်ဖွယ်မရှိကြောင်း WoodMac အကြံပေးကုမ္ပဏီက သုံးသပ်ထုတ်ပြန်ခဲ့သည်။

"၂၀၅၀ ပြည့်နှစ်အရောက် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံထိ ရင်းနှီးမြှုပ်နှံသွားဖို့ လိုအပ်ပါတယ်။ စွမ်းအင်ကဏ္ဍအပိုင်းက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံထိရင်းနှီးမြှုပ်နှံဖို့လိုအပ်နေပါတယ်။ ဒီပမာဏအတိုင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားနိုင်မှသာ ၂၀၅၀ ပြည့်နှစ်အရောက်မှာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ကို ရောက်ရှိနိုင်မှာဖြစ်သလို ကမ္ဘာမြေကြီးပူနွေးမှုကိုလဲ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကိုကျော်လွန်သွားမှုမရှိအောင် ထိန်းချုပ်သွားနိုင်မှာဖြစ်ပါတယ်။ အဓိကကတော့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍကို ထိန်းချုပ်နိုင်ဖို့လိုအပ်နေတာပါ"ဟု WoodMac အကြံပေးကုမ္ပဏီက ထုတ်ပြန်သွားခဲ့သည်။

**Ref : Asiana Times**

**Trs : SaiSat**

# အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေး

**အောင်လံ ဇော်တင်ဘာ ၁၅**

အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းကာ ကျေးရွာများသန့်ရှင်းသာယာလှပပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ခေတ်မီစံပြကျေးရွာများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မိုးကောင်းကျေးရွာအုပ်စု မိုးကောင်းကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ခေတ်မီစံပြကျေးရွာများဖြစ်ပေါ်လာစေရေး လိုက်နာကျင့်သုံးရန်အချက်များ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုကာကွယ်နိုင်ရန်အတွက် ပလတ်စတစ်ပစ္စည်း အသုံးပြုမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့် ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းအမှိုက်သိမ်းစနစ်ကို ပုံမှန်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် ဝန်ထမ်းများက မိုးကောင်းကျေးရွာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် ဝန်ထမ်းများ၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ယော်လေး**

# ဗင်းနစ်မြို့ကို ပျက်သုဉ်းဖွယ်ရှိနေသည့် ရှေးဟောင်းသမိုင်းဝင်မြို့စာရင်းမှ ပယ်ဖျက်

**ပဲရစ် ဇော်တင်ဘာ ၁၅**

ပြင်သစ်အခြေစိုက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း(UNESCO)က အီတလီနိုင်ငံ ဗင်းနစ်မြို့ကို ပျက်သုဉ်းဖွယ်ရှိနေသည့် ရှေးဟောင်းသမိုင်းဝင် မြို့စာရင်းမှ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

လက်ရှိ ဗင်းနစ်မြို့တွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်နေပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုနှုန်းလည်း လျော့ကျလာကြောင်း၊ ထို့ပြင် ဗင်းနစ် မြို့တော်ဝန်ကလည်း သဘာဝဘေးအန္တရာယ်ကြောင့် ရင်ဆိုင်ခဲ့ရသော ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်မွမ်းမံမှုများပြုလုပ်နေသည့်အတွက်ကြောင့် ပျက်သုဉ်းဖွယ်ရှိနေသည့် ရှေးဟောင်းမြို့တော်များစာရင်းမှ ပယ်ဖျက်လိုက်၍ ဗင်းနစ်မြို့တော်ဝန်ရုံးက ဗင်းနစ်မြို့အတွက် သတင်းကောင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"ဗင်းနစ်မြို့ဟာ သိပ်ကိုလှပတဲ့ သမိုင်းဝင်မြို့တစ်မြို့ဖြစ်သလို ဗင်းနစ်မြို့မှာနေထိုင်တဲ့သူတွေရဲ့လူနေမှုဘဝဟာလဲ အင်မတန်မှကောင်းမွန်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားမှုအများဆုံးဖြစ်တဲ့ ဗင်းနစ်မြို့မှာ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ သိပ်များပါတယ်။ ဗင်းနစ်မြို့ဟာ နေထိုင်သင့်တဲ့မြို့တစ်မြို့ဖြစ်ပြီး မိသားစုဘဝတိုးတက်မြင့်မားဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ဖန်တီးနိုင်တဲ့အတွက် ဗင်းနစ်မြို့ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းတွေကို ပိုပြီးလုပ်ဆောင်သင့်တယ်။ ဗင်းနစ်မြို့ကို UNESCO က ပျက်သုဉ်းဖွယ်ရှိနေတဲ့မြို့စာရင်းမှာ ထည့်သွင်းခဲ့တုန်းက ဒေသခံတွေ တော်တော်လေးဝမ်းနည်းခဲ့ကြရတယ်။ အခု UNESCOက ပျက်သုဉ်းဖွယ်ရှိနေတဲ့စာရင်းကနေ ပြန်လည်ပယ်ဖျက်လိုက်လို့ ဒေသခံတွေအတွက် အောင်ပွဲခံသင့်တဲ့ အခြေအနေလဲဖြစ်ပါတယ်"ဟု NGOအဖွဲ့အစည်းတစ်ခုဖြစ်သည့် We Are Here Venice အဖွဲ့အစည်း၏ ဒါရိုက်တာဂျိန်းဒါမိုဇတိုက ပြောကြားခဲ့သည်။



**Ref : Kenosha News**

**Trs : SaiSat**

# မြင်ဦးလွင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အခမ်းအနားကျင်းပ

**မြင်ဦးလွင် ဇော်တင်ဘာ ၁၅**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြင်ဦးလွင်မြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ခရိုင်အဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲတွင် စာစီစာကုံးပြိုင်ပွဲ၌ အထက်တန်းအဆင့် ယှဉ်ပြိုင်သူ ၃၆ ဦး၊ အလယ်တန်းအဆင့် ယှဉ်ပြိုင်သူ ၄၇ ဦး၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၁၁၆ ဦး စုစုပေါင်း ၁၉၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(၁၈၅)




# ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာဖွယ်ရှိနေ

**ဝါရှင်တန် ဇော်တင်ဘာ ၁၅**

အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင်အခြေစိုက်သည့် ရာသီဥတုခန့်မှန်းရေးစင်တာ(CPC)က ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်၌ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာဖွယ်ရှိနေပြီး အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ရန် ၉၅ ရာခိုင်နှုန်းထိ ရှိနေကြောင်း သတိပေးချက်ထုတ်ပြန်သွားခဲ့သည်ဟု သိရသည်။

အယ်လ်နီညိုရာသီဥတုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဖြစ်ပေါ်လာနိုင်ပြီး အမေရိကန်နိုင်ငံ ဟမ်မစ်စဖီးဒေသကို ဗဟိုပြု၍ ဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း၊ ထို့ပြင် ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်အလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းဧရိယာများတွင်လည်း ဖြစ်ပေါ်လာဖွယ်ရှိနေပြီး အယ်လ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်လာနိုင်သလို စိုက်ပျိုးရေးကဏ္ဍကို အထိနာစေနိုင်သည့် အခြေအနေဖြစ်ကြောင်း ရာသီဥတုခန့်မှန်းရေးစင်တာ(CPC)က ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန် အလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းမှာ ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အယ်လ်နီညိုရာသီဥတုရဲ့ လက္ခဏာတွေဖြစ်ပါတယ်။ ခန့်မှန်းတိုင်းတာချက်တွေအရ လာမဲ့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလကနေ မတ်လအတွင်းမှာ အယ်လ်နီညိုရာသီဥတုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဟမ်မစ်ဖီးဒေသမှာ အဓိကဖြစ်ပေါ်လာနိုင်ပြီးတော့ ဩဂုတ်လအတွင်း ရေမျက်နှာပြင်အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့ ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန်အလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းမှာလဲ အယ်လ်နီညိုရာသီဥတုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ၂၀၂၄ ခုနှစ်နှစ်ဦးပိုင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ အယ်လ်နီညိုရာသီဥတုဟာ အားကောင်းလာနိုင်ပြီးတော့ ဟမ်မစ်စဖီးတောင်ဘက်ပိုင်းမှာ ကောက်ပဲသီးနှံစိုက်ပျိုးမှုတွေ အခက်တွေ့လာနိုင်ပါတယ်"ဟု CPC က ထုတ်ပြန်ခဲ့သည်။

အယ်လ်နီညိုရာသီဥတုကြောင့် ပစိဖိတ်သမုဒ္ဒရာပိုင်းဇုန် အလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းရေဧရိယာများတွင် အပူချိန်မြင့်တက်လာဖွယ်ရှိနေပြီး ရေအောက်သတ္တဝါများအတွက်လည်း စိုးရိမ်ဖွယ်ရာအခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

**Ref : Fox Wather**

**Trs : SaiSat**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အာဆင်နယ်အသင်း၊ မာဆေးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့နဲ့ လက်တွဲရမှာပါ




နိုင်ငံတကာပြိုင်ပွဲကာလအပြီး အမှတ်ပေးပြိုင်ပွဲတွေမှာရလဒ်ကောင်းနဲ့ စတင်နိုင်ဖို့အတွက် အသင်းတိုင်းက ကြိုးစားလာမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာသေချာပါတယ်။ ဒါပေမဲ့ နိုင်ငံအသင်းအတွက် ကစားချိန်မှာဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေတဲ့ အသင်းတွေကတော့ ပုံမှန်ခြေစွမ်းပြန်ရဖို့ခက်ခဲမှာဖြစ်လို့ သတိထားရှောင်ရှားရမှာပါ။ တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေဖြစ်တဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်သွားမှာဖြစ်ပြီး အဲဒီထဲက ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအားကောင်းတဲ့ အသင်းတွေနဲ့သာ လက်တွဲရမှာပါ။

### အာဆင်နယ်အသင်းပဲ နိုင်ပွဲဆက်မှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အဲဗာတန်နဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ဒီနှစ် ဘောလုံးရာသီလေးပွဲကစားအပြီးမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ကြောင့် ရမှတ်တစ်မှတ်နဲ့ အဆင့်(၁၈)မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ အဲဗာတန်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာလဲ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အီဝိုဘီကိုရောင်းထုတ်ပြီး တိုက်စစ်မှူးဘီတို၊ ဒန်ဂျူးမားတို့ကို ခေါ်ယူအားဖြည့်ခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ဒန်ဂျူးမားနဲ့ ဘီတိုတို့က အသင်းရဲ့တိုက်စစ်ပိုင်းမှာ ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ပရီးမီးယားလိဂ်နဲ့ အသားကျဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အဲဗာတန်အသင်းကွင်းလယ်မှာတော့ အိုနာနာ၊ ဂီရီ၊ ဒိုကိုရေးတို့က အချိတ်အဆက်မိနေပေမဲ့ အာဆင်နယ်လိုကွင်းလယ်တိုက်စစ်အားကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ လိုအပ်ချက်ရှိမှာပါ။ ဒါ့ပြင် နောက်ဆုံးတွေ့ဆုံမှုမှာလဲ အာဆင်နယ်ကအိုဒီဂတ်၊ ဆာကာ၊ မာတင်နယ်လီတို့ရဲ့ ဂိုးတွေနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။

အခုရာသီမှာ အဓိကကစားသမားတွေခေါ်ယူနိုင်ခဲ့တဲ့ အာဆင်နယ်ဟာ နောက်ဆုံးအမှတ်ပေးပွဲစဉ်မှာ မန်ယူအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ယုံကြည်မှုရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြအာတီတာကတော့ ၄-၃-၃ ကစားကွက်ကိုအထိုင်ချကစားနေပေမဲ့ ဒီကစားကွက်မှာ ကွင်းလယ်က အိုဒီဂတ်နဲ့ ဒီကလန်ရိုက်တို့က ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် တိုက်စစ်မှူးတွေ ဂိုးရဖို့ခက်နေရင်တောင် ကွင်းလယ်ကစားသမားတွေက အနိုင်ဂိုးတွေ သွင်းယူနေတာကိုတွေ့ရမှာပါ။ နည်းပြအာတီတာလက်အောက်မှာဆာကာ၊ အိုဒီဂတ်၊ အန်ကေးတီးယား၊ ဒီကလန်ရိုက်တို့က ခြေစွမ်းပြသွင်းဂိုးတွေ သွင်းယူနေတာဖြစ်တာကြောင့် သူတို့အသင်းဟာ လက်ရှိချန်ပီယံဆုကိုစိန်ခေါ်နိုင်တဲ့ အခြေအနေမှာရှိနေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ခံစစ်ကစားသမားတင်ဘာ၊ ကွင်းလယ်ကစားသမားပါတေး၊ အယ်နန်နီတို့ ပါဝင်နိုင်မှာမဟုတ်ပေမဲ့ ကစားအားကျဆင်းသွားမှာမဟုတ်ဘဲ အဲဗာတန်လိုခံစစ်ပိုင်းကျဆင်းနေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ အကြောပေးမှုမှာလဲ အာဆင်နယ်ကတစ်ဂိုးသွင်းရင်တောင် တစ်ဝက်ပဲပျော်ခွင့်ရမဲ့အခြေအနေမှာ တိုက်စစ်ပိုင်းထက်မြက်လာတဲ့ အာဆင်နယ်အသင်းပဲ နိုင်ပွဲဆက်မှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ | - | ၁ | ဖူလ်ဟမ် |
| အေဗီလာ | ၄ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၁ | ဝုဗ် |
| ဒွန်ကပ်စတာ | ၁ | - | ၂ | အဲဗာတန် |
| ရှက်ဖီး(ယူ) | ၂ | - | ၂ | အဲဗာတန် |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၁ | နော်တင်ဟမ် |
| ပဲလေ့စ် | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၂ | - | ၂ | ဖူလ်ဟမ် |
| အာဆင်နယ် | ၃ | - | ၁ | မန်ယူ |

### မာဆေးအသင်းနဲ့ လက်တွဲရမှာပါ

ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မာဆေးနဲ့ တူးလော့အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မာဆေးအသင်းဟာ ပြီးခဲ့တဲ့ ပွဲစဉ်မှာ နန့်တက်ကို သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးခဲ့ပြီး အဆင့်(၃)မှာရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ အူဘာမီယန်း၊ အစ်စမာလီယာဆာ၊ အန်ဒီရီ၊ လိုဒီတို့လို အဓိကကစားသမားတွေ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အိုလီဗီအဲရာနဲ့ အစ်စမာလီယာဆာတို့က သွင်းဂိုး နှစ်ဂိုးစီနဲ့ ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိပြင်သစ်လီဂူးမှာ ချန်ပီယံဆုကို ခြိမ်းခြောက်နိုင်တဲ့အသင်းတွေထဲမှာ ပီအက်စ်ဂျီပြီးရင် မာဆေးအသင်းက ဒုတိယမြောက်ရေပန်းစားနေတဲ့ အသင်းဖြစ်နေသလို ခြေစွမ်းပိုင်းကလဲ ပီအက်စ်ဂျီကို ယှဉ်ပြိုင်နိုင်စွမ်းရှိနေတာကို တွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာ ကစားသမားလေးဦးဒဏ်ရာကြောင့် မပါနိုင်ပေမဲ့ အဓိကကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ခြေစွမ်းပိုင်းကျဆင်းသွားမှာမဟုတ်ပါဘူး။

တူးလော့အသင်းဟာ ၂၀၂၂ ခုနှစ်မှာ ပြင်သစ်လီဂူးကိုတန်းတက်လာခဲ့ပေမဲ့ ခြေစွမ်းပြကစားသမားတွေ ဖြည့်ဆည်းနိုင်မှုမရှိတာကြောင့် ဖြတ်မျဉ်းအသင်းအနေနဲ့သာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းမှာ ကစားသမားလေးဦးထိ ဒဏ်ရာရနေတာကလဲ အသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်နေတာကြောင့် အိမ်ကွင်းကစားအားကောင်းတဲ့ မာဆေးအသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ မာဆေးအသင်းဟာ တူးလော့နဲ့တွေ့ဆုံခဲ့တဲ့ ၂၆ ကြိမ်မှာ သုံးပွဲသာရှုံးခဲ့ပြီး ၁၅ ပွဲနိုင်၊ ရှစ်ပွဲသရေနဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။ အကြောပေးမှုကလဲ မာဆေးက တစ်ဂိုးသွင်းရင် ခပ်ပါးပါးပဲပျော်ခွင့်ရမှာဖြစ်လို့ ခံစစ်ပိုင်းပေးဂိုးများနေတဲ့တူးလော့ကို အနည်းဆုံးတစ်ဂိုးသွင်းယူနိုင်မဲ့ မာဆေးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာဆေး | ၂ | - | ၁ | ရိမ်း |
| မာဆေး | ၂ | - | ၁ | ပါနာသီယာကိုစ် |
| မက်ဇ် | ၂ | - | ၂ | မာဆေး |
| မာဆေး | ၂ | - | ၀ | ဘရက် |
| နန့်တက် | ၁ | - | ၁ | မာဆေး |

### တူးလော့အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တူးလော့ | ၂ | - | ၁ | ရိုးမား |
| နန့်တက် | ၁ | - | ၂ | တူးလော့ |
| တူးလော့ | ၁ | - | ၁ | ပီအက်စ်ဂျီ |
| စထရာဘော့ | ၂ | - | ၀ | တူးလော့ |
| တူးလော့ | ၂ | - | ၂ | ကလဲယားမောက် |

### ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ည လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ဆိုစီဒက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းဟာ အသင်းရဲ့အဓိကတိုက်စစ်မှူး ဘင်ဇီမားကို အသက်အရွယ်ကြောင့် အသင်းကထွက်ခွာခွင့်ပြုခဲ့ပေမဲ့ တိုက်စစ်မှူး ဂျိုဆီလူ၊ ကွင်းလယ်ကစားသမားဘယ်လင်ဟမ်နဲ့ ဂိုးသမားကီပါတို့ကို ပြန်လည် အားဖြည့်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြအန်ဆယ်လော့ တီလက်အောက်မှာ ပုံစံကောင်းရရှိနေတာကြောင့် ဘင်ဇီမားထွက်သွားပေမဲ့ တိုက်စစ်အားကျဆင်းသွားတာမရှိဘဲ ဂျိုဆီလူနဲ့ ရိုဒရီဂိုတို့က အသင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သလို လူငယ်ကစားသမား ဘယ်လင်ဟမ်ကလဲ အဆုံးအဖြတ်သွင်းဂိုးတွေ သွင်းယူပေးနေတာကြောင့် ရလဒ်ကောင်းနေခဲ့တာဖြစ်ပါတယ်။ ဘယ်လင်ဟမ်က ကွင်းလယ်ကစားသမားဖြစ်ပေမဲ့ ကစားကွက်ပိုင်းအရ လာလီဂါပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အသင်းပရိသတ်တွေရဲ့ ယုံကြည်မှုကိုလဲ အပြည့်အဝသိမ်းပိုက် နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် နည်းပြအန်ဆယ်လော့တီဟာ ကွင်းလယ်ပိုင်းမှာ ချူဟာမန်နီ၊ ကာမာဗင်ဂါ၊ မိုဒရစ်တို့ကို တွဲဖက်အသုံးပြုခဲ့တာကြောင့် ခံစစ်ပိုင်းမာကျောတဲ့အသင်းတွေတောင် ဒီကစားသမားတွေကိုထိန်းချုပ်ဖို့ မလွယ်ကူဘဲ ပေးဂိုးတွေ အလွယ်တကူ ခွင့်ပြုနေရတာကိုသတိပြုရမှာပါ။ ဒါ့ပြင် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ရီးရဲလ်မက်ဒရစ်အသင်းဟာ ဆိုစီဒက်အသင်းကို အိမ်ကွင်းရှုံးနိမ့်ခဲ့တာမရှိဘဲ အသာရခဲ့တာကိုတွေ့ရမှာပါ။

အမှတ်ပေးပွဲလေးပွဲမှာတစ်ပွဲနိုင်၊ သုံးပွဲသရေရလဒ် ထွက်ပေါ်ထားတဲ့ ဆိုစီဒက်အသင်းဟာ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရမှတ်တွေဆုံးရှုံးခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဂျီရိုနာ၊ ဆဲလ်တာဗီဂို၊ လက်ပါးမက်တို့လို စုဖွဲ့မှုအားနည်းတဲ့အသင်းတွေကို သရေသာကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက လိုအပ်ချက်တွေရှိနေတာဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ကူဘို၊ အိုရာဇာဘယ်တို့ ဂိုးမသွင်းနိုင်ရင် အလုပ်မဖြစ်တဲ့ သူတို့အသင်းဟာ အသင်းလိုက်ကစားပုံနဲ့ စုဖွဲ့မှုကောင်းတဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုဖိအားပေးဖို့ မဖြစ်နိုင်သေးပါဘူး။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ဂရန်နာဒါနဲ့ပွဲမှာ ကစားပုံအတိုင်း ရီးရဲလ်မက်ဒရစ်အသင်းကို ကစားခဲ့မယ်ဆိုရင်တော့ ဂိုးရဖို့သေချာနိုင်ပေမဲ့ ခံစစ်ပိုင်းကလဲ ပေးဂိုးများသွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာ ရီးရဲလ်မက်ဒရစ်အသင်းနဲ့တွေ့ရင် ရလဒ်ကောင်းဖို့ခက်ခဲနေတဲ့ ဆိုစီဒက်အသင်း အခုပွဲစဉ်မှာလဲ ရိုဒရီဂို၊ ဂျိုဆီလူ၊ ဘယ်လင်ဟမ်တို့အတွဲကို မထိန်းနိုင်ရင်တော့ ပေးဂိုးများမှာဖြစ်လို့ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၃ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဘီလ်ဘာအို | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| အယ်မာရီယာ | ၁ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ဆဲလ်တာဗီဂို | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ဂီတာဖေး |

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၀ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၁ | - | ၁ | ဂျီရိုနာ |
| ဆိုစီဒက် | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| လက်ပါးမက် | ၀ | - | ၀ | ဆိုစီဒက် |
| ဆိုစီဒက် | ၅ | - | ၃ | ဂရန်နာဒါ |

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည်ပြာ

ပါမောက္ခချုပ်(ငြိမ်း)

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)

အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဒေါက်တာလှကျော်ဖေ-ဒေါ်အေးမြင့်)တို့၏ သမီး၊ (ဦးကျော်သိန်း- ဒေါ်ခင်သန်းဝင်း)တို့၏ သမီးချွေးမ၊ ဗိုလ်ချုပ်သန်းထွတ်သိန်း (ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ကြည်ပြာ (၆၃)နှစ်သည် ၁၄-၉-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁း၃၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစု


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## ကံမမြို့နယ် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓမ္မသော်ကျေးရွာအုပ်စု နံကပ်နှင့် ရေလယ်ရွာသစ်ကျေးရွာကို နှစ်ရွာတစ်ယူနစ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၁၇၅ သန်းကို နံကပ်နှင့် ရေလယ်ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် နံကပ်နှင့် ရေလယ်ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀၆ ဦးကို ငွေကျပ် ၄၆ ဒသမ ၁၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဓမ္မသော်ကျေးရွာအုပ်စု နံကပ်နှင့် ရေလယ်ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်ထံမှ သိရသည်။

**အိမိုးမိုး**

## ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ဟင်းသီးဟင်းရွက် ၁၂၆၉၅ ဧက စိုက်ပျိုးပြီးစီး

**ကလေး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၆၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ စက်တင်ဘာ ၁၄ ရက်ထိ ဟင်းသီးဟင်းရွက် ၁၂၆၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးကာလ ကလေးခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ စက်တင်ဘာ ၁၄ ရက်ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ပညာပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၇၇၃၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၉၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၀၂၈ ဧက စုစုပေါင်း ၁၂၆၉၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

## စဉ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စွန်ရဲကျေးရွာအုပ်စု အင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်၊ မြို့နယ်စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးရွာတွင်းလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အင်းကုန်းကျေးရွာရှိ အိမ်ခြေ ၄၆၀၊ လူ ၁၆၄၃ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်တွင် မြေသားရွေ့လျားမှု၊ နိမ့်ကျမှုနှင့် မြင့်တက်မှုများကိုလေ့လာနိုင်ရန် မြေငလျင်တိုင်းစက်နှင့် GPS စက်များ စတင်တပ်ဆင်နေ



ယခင်နှစ်က ကမ္ဘာအေးမြေငလျင်စခန်းတွင် မြေငလျင်တိုင်းစက်တပ်ဆင်သည့်ပုံ။

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် မြေသားရွေ့လျားမှု၊ မြေသားနိမ့်ကျမှုနှင့် မြေသားမြင့်တက်မှုများကို လေ့လာနိုင်ရန် မြေငလျင်တိုင်းစက်နှင့် GPS စက်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ကော်မတီဝင် ဦးစောပြည့်အောင်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် မြေငလျင်တိုင်းစက်နှင့် GPS စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်အတွင်းမှ စတင်ကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး ပရဝဏ်အတွင်း မြေငလျင်တိုင်းစက်နှင့် GPS စက်တပ်ဆင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်ခြောက်မြို့နယ်ဖြစ်တဲ့ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နဲ့ ကျောက်တံတားမြို့နယ်တွေမှာ မြေငလျင်တိုင်းစက်နဲ့ GPS စက်တွေ တပ်ဆင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နဲ့ မြန်မာနိုင်ငံ မြေငလျင်ကော်မတီတို့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒီမြို့နယ်တွေအတွင်းမှာ မြေသားရွေ့လျားမှု၊ နိမ့်ကျမှုနဲ့ မြင့်တက်မှုတွေကို လေ့လာဖို့ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ ကော်မတီဝင် ဦးစောပြည့်အောင်က ပြောပြသည်။

အဆိုပါစက်များ တပ်ဆင်ထားခြင်းဖြင့် စက်တပ်ဆင်ထားသည့် ဧရိယာအတွင်း ခြောက်လမှ တစ်နှစ်ကာလအတွင်း မြေသားရွေ့လျားမှုအတိုင်းအတာများကို ရရှိနိုင်မည်ဖြစ်သည့်အပြင် ငလျင်ဘေးဒဏ်ခံရမှုလျော့ပါးစေရေး သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အကူပြုအချက်အလက်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။ ASH


သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၊၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည် အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/ အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း (အမျိုးသား/ အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် (အဆို/အက) (အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ် ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ ထောက်ခံစာမရပါ)။
(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဈ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှော်ဘီ၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။ (ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၃၀၄၀၁၊ ၀၉-၆၉၁၇၅၅၅၇)
(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၃-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)
(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၃-၄၀၀၀၅၊ ၀၉-၆၈၄၆၇၃၃၃၂)
(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၃-၃၆၁၀၀၊ ၀၉-၆၉၁၂၄၉၁၂၃)
(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၁၆၊ ၀၉-၆၉၇၂၈၇၈၅)
(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ချောင်းဆုံ၊ မော်လမြိုင်မြို့။ (ဖုန်း ၀၉-၃၉၁၀၆၅၆၊ ၀၉-၆၇၈၉၂၆၁၀၀)
(ဈ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇၈၆၅၂၀၀၆)
(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆၈၆၃၉၆၀၈၇)
(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၉၊ ၀၉-၆၉၃၂၄၂၆၈၁)
(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၁၂၅၊ ၀၉-၆၇၈၈၄၂၁၁၁)
(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁၄၀၊ ၀၉-၆၉၅၇၅၈၁၄၉)
(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁၈၇၈၊ ၀၉-၄၀၁၅၅၄၂၈၇)
(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွာတော်၊ နေပြည်တော်။ (ဖုန်း ၀၃၂-၃၀၃၅၃၊ ၀၉-၆၉၁၃၈၄၄၀၀)
(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃၈၆၆၆၊ ၀၉-၉၅၉၇၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပဏာမလူတွေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား (တောင်ညို) နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မှော်ဘီ) ရန်ကုန် (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော် (ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉၄၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။


# ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဩဂုတ်လထိ ပဲယဉ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၄၄ သန်း ဝင်ငွေရရှိ



**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဩဂုတ်လထိ ပဲယဉ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၄၄ သန်း ဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲယဉ်းသည် အခွံမာ၍အရောင် တောက်ပြောင်ပြီး နီညိုရောင်၊ ကာကီဖျော့ရောင်၊ ဝါညိုရောင် စသည်ဖြင့် တွေ့ရလေ့ရှိသည်။ ဈေးကွက်တွင် ပဲယဉ်းနီနှင့် ပဲယဉ်းဝါဟု အခေါ်များပြီး ပဲယဉ်းနီက ဈေးပိုမိုရရှိသည်။

ပဲယဉ်းကို ပြည်တွင်း၌ စားသုံးလေ့ရှိပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချပေးနေကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှဩဂုတ်လထိ မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ခန့်တင်ပို့ရောင်းချပေးခဲ့ရာ ပဲယဉ်းသည် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံပြီးလျှင် စတုတ္ထအများဆုံး တင်ပို့ရောင်းချပေးခဲ့ရသည့် ပဲအမျိုးအစားဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ယခုဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ပဲယဉ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၉ ဒသမ ၀၀၄ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၄ သန်းဖိုးတင်ပို့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၄၄ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပဲယဉ်းကို ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးပြီး မတ်၊ ဧပြီနှင့် မေလတွင် ရိတ်သိမ်းလေ့ရှိသည်။ ယခုအခါ ပဲယဉ်းများကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ပဲယဉ်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် အများဆုံး စိုက်ပျိုးကြသည်။

ပဲယဉ်းသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ်ဈေးနှုန်း မြင့်တက်လာခဲ့ရာ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တွင် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀၊ ၂၀၂၂ ခုနှစ် ဧပြီလက ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၁၀၀၀၊ ယခုနှစ် စက်တင်ဘာလတွင် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၅၆၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရုံဆီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၀၇၄၀၊ ၀၉ ၇၀၅၂၉၀၀၀
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၀၈၆၀၀၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၇၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၇၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၁၄၇၁၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## ဝန်ထမ်းအလိုရှိသည်

**ဂိုဒေါင်အကြီးတန်းစာရေး ကျား (၁)ဦး အလိုရှိသည်**

၁။ အသက် ၃၀ မှ ၄၅ အတွင်း။
၂။ မန္တလေးစက်မှုဇုန် (၁)(၂)တွင်နေထိုင်သူ ဦးစားပေးမည်။
၃။ ကုန်ပစ္စည်းစာရင်းများ ပြုစုမှတ်သားတင်ပြနိုင်ရမည်။
၄။ အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းမည်။

**ဆက်သွယ်ရန်/**

Green Farm Development Co.,Ltd
85 လမ်း၊ 31×32 ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
09-788088006 (ရုံးချိန်အတွင်း)

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် လုပ်ကိုင်ရန်

(၁) ယာဉ်မောင်း ကျား (၁) ဦး
(၂) အထွေထွေလုပ်သား ကျား (၃) ဦး
(၃) မုန့်ထုပ်ဝန်ထမ်း မ (၂) ဦး

- မှတ်ပုံတင်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။
- Ph; 09-768070029 , 09-2007275

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့၊ သရက်ပင်ရွာနေ ကျော်ကျော်လင်း(ဘ)ဦးနိုင်ဝင်း (၁၄/ပသတ(နိုင်)၁၄၈၁၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-694562) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၈၃၄၈၁၂၂

### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ၈၈-၁၆/၃၉(ဆ)ရပ်ကွက်နေ ဒေါ်မြင့်မြင့်အေး (ဘ) ဦးအောင်သာ (၉/ပကခ(နိုင်)၀၀၄၅၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-401025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၀၅၁၁

သင့်သွေးဖြင့်
အသက်ကယ်ပါ

## တည်းခိုခန်းဝန်ထမ်းအလိုရှိသည်

၁။ **နေ့/ည တာဝန်ခံ ကျား (၂) ဦး**
၂။ **နေ့သန့်ရှင်းရေး ကျား/မ**

အလုပ်လျှောက်ထားလိုသူများသည် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၂)ပုံ၊ CV Form နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၉၆)၊ 79 လမ်း၊ 28 × 29 ကြား၊မန္တလေး။**
**Ph; 09-789973660**

## ဝန်ထမ်းအလိုရှိသည်

(1) **အရောင်းဝန်ထမ်း** မ (5) ဦး

- အသက် (18) နှစ်မှ (25) နှစ်အတွင်းဖြစ်ရမည်။
- ပညာအရည်အချင်း အထက်တန်းပြီးသူ (သို့) ကျောင်းဆက်မတက်သူဖြစ်ရမည်။

(2) **Cashier ဝန်ထမ်း** မ (2) ဦး
(3) **ဂိုဒေါင်ဝန်ထမ်း** မ (5) ဦး

- အမှတ်စဉ် (2),(3)အတွက် Computer Basic နှင့် Excel ကျွမ်းကျင်ရမည်။

**ဆက်သွယ်ရန်။** 35လမ်း၊76×77 ကြား၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ Ph;09-787388882

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊အနီးစခန်းကျေးရွာအုပ်စု၊ ကွဲနွားထောက်ကျေးရွာ၊ လမ်းသွယ် (၃)နှင့် (၄)ကြားနေ ဦးစိန်မြင့်-ဒေါ်ကြည်ကြည်ခိုင်တို့မှ **Ever Shine(အဲဗားရှိုင်း)** အမည်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးစိန်မြင့်- ဒေါ်ကြည်ကြည်ခိုင် ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်မြင့်(၅/ခဥန(နိုင်)၀၀၀၀၃၈)-ဒေါ်ကြည်ကြည်ခိုင်(၅/ရဥန(နိုင်)၀၀၂၀၆၆)**
**Ph; 09-750685311**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက(၆)ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်လင်းမောင် ၏သား မောင်လင်းဟန် အား မောင်မင်းချာန် ဟု ပြောင်းလဲခေါ် ဆိုပါရန်။

**မောင်မင်းချာန်**

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးနေ ဒေါ်သန်းသန်းဝင်း (ဘ) ဦးမြင့်ဝင်း (၁၃/ကလန(နိုင်)၀၀၁၈၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-120300)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၁၆၂၇၅၆

### ပျောက်ဆုံးကြောင်း

မန္တလေးဥပုသ်တော်ရပ်ကွက်၊အကွက် (၁၀)နေ ဦးဝေဖြိုးအောင်(ဘ) ဦးအောင်မြင့် (၉/ပကခ(နိုင်)၀၁၂၂၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-092998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၆၆၆၉၃၃

## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဦးစိုင်းဟန်လှိုင်း (ခ) စိုင်းရန်နိုင် - ဒေါ်ဆုမြတ်နန္ဒာ တို့၏ သား မောင်ဝင်းဇော်ဟိန်း အား မောင်မြင့်မြတ်သူ ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။

**မောင်မြင့်မြတ်သူ**

### ဖခင်အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်မြို့၊ အထက-ညောင်ရွှေကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မအိအိမျိုး ၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်း ဖြစ်ပြီး မအိအိမျိုး ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၆-၂၀၀၆ ဖြစ်ပါကြောင်း။

ဦးမျိုးသန်း(၉/စကတ(နိုင်)၀၇၃၇၄၂)
၂-၆-၂၀၀၆

စာအုပ်
စာပေ
လူ့မိတ်ဆွေ

### ဖခင်အမည်မှန် နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၃၉)အခြေခံပညာအထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မယမုံဖွေး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းသောင် ဖြစ်ပြီး မယမုံဖွေး ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၇-၂၀၀၆ ဖြစ်ပါကြောင်း။

ဦးထွန်းသောင်(၉/ခမစ(နိုင်)၀၀၃၀၄၆)၊ ၂၂-၇-၂၀၀၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို Grade-10 မှ Grade - 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ် ...

❖ ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**



**ပန်လုံမြို့နေ ဒေသခံပြည်သူများအတွက် ၂၄ နာရီအပြည့် လျှပ်စစ်မီးသုံးစွဲနိုင်ပြီဖြစ်**

စာမျက်နှာ - ၁၈

**အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(20th AACC) သို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ပြန်လည်ထွက်ခွာ**

စာမျက်နှာ - ၁၉

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၀

## မြန်မာအမျိုးသားလေကြောင်း၏ Cargo လေယာဉ်ကို ကြိုဆိုခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းမှ Boeing 737-400 လေယာဉ်အမျိုးအစား Cargo လေယာဉ်အား ကြိုဆိုသည့်အခမ်းအနားကို ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပပြုလုပ်သည်။

အဆိုပါလေယာဉ်အမှတ် 9M-POS၊ Flight No. (3G087) Cargo လေယာဉ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ထွက်ခွာ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၂ နာရီတွင် ဆိုက်ရောက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်း၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များတွင် အသုံးပြုပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းလေယာဉ်သည် တန်ချိန်အားဖြင့် ၁၈တန်အထိ သယ်ဆောင်နိုင်မည့်အပြင် ပုံမှန်လေကြောင်းခရီးစဉ်တွင် သယ်ဆောင်၍မရသော Dangerous Goods များကိုလည်း **စာမျက်နှာ ၁၉ ကော်လံ ၄ ☆**



**ဘင်္ဂလားပင်လယ်အော် အခြေအနေ ၁၅-၉-၂၀၂၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

